# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၅၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၆ ခုနှစ် ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူမည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိ သာသနဝံ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ နေ့ဆွမ်းဆက်ကပ် လှူဒါန်းသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ဆက်ကပ်လှူဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။









## ငါးပါးသီလ ခံယူဆောက်တည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

❖ ရှေ့ဖုံးမှ

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာ ဘိဝံသတို့အမှူးပြုသည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံဆရာတော်ကြီး ၁၄၆ ပါးနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးတစ်ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့နှင့်အတူ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

### ကပ်လှူပူဇော်

အခမ်းအနားမစတင်မီ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အဂ္ဂါဓိပတိ သာသနဗိမာန်တော်ကြီးအတွင်း ရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ

*စာမျက်နှာ ၄ သို့*



ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*စာမျက်နှာ ၃ မှ*
ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဆရာတော်ကြီးထံသို့ လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်နှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့်ဇနီးများ၊ အခမ်းအနားသို့ တက်ရောက်လာသည့် အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်ကြီးများထံသို့ လည်းကောင်း လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ၂၀၂၆ ခုနှစ် ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပူဇော်ခံယူတော်မူကြမည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ ဇနီးက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးတစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

**အနုမောဒနာတရားနာယူ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့် ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် သီလရှင်ဆရာကြီးတစ်ပါးအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။



ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ချမ်းမြသာစည်မြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံ တိုင်းရင်းသား ပြည်သူများအား ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၄) ရပ်ကွက်ရှိ အောင်ချမ်းအေးဓမ္မာရုံ၌ အခြေပြု၍ ဒေသခံပြည်သူ ၁၂၇ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ နား /နှာခေါင်း / လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက် ကုသနိုင်ရေးဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရေဝတီတိုင်းဒေသကြီးရှိ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရေဝတီတိုင်းဒေသကြီးရှိဟိုတယ်လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရေး၊ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်ရာနေရာများ သန့်ရှင်းသာယာလှပပြီး ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ စဉ်ဆက်မပြတ် တိုးတက်လည်ပတ်စေရေးအတွက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရေဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ရှိ ဟိုတယ်များ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဟိုတယ်များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ အခန်းများပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ခရီးသွားဧည့်သည်များ တည်းခိုနေထိုင်မှု၊ ဧည့်သည်များ၏ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှုနှင့် ဟိုတယ်များသို့ ဧည့်သည်များ ပိုမိုလာရောက် တည်းခိုနေထိုင်ကြရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက် များအပေါ် ပြည်ထောင်စုဝန်ကြီးက ပုသိမ်မြို့သည် ရေဝတီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်ပြီး အထင်ကရခရီးစဉ်ဒေသတစ်ခု ဖြစ်သည့်အတွက် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရန် အဆင့်မီသော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုများ ပေးနိုင်ရန် စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ကြရေး၊ ဟိုတယ်ရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ထမ်းများဖြစ်စေရေး၊ ဒေသထွက်ရိုးရာလက်မှုအနုပညာ ပစ္စည်းများ ခင်းကျင်းထားရှိရေး၊ ဒေသထွက်ရိုးရာအစားအစာများကို အဆင့်အတန်းမီစွာ ပြင်ဆင်တည်ခင်းဧည့်ခံရေး၊ ဧည့်သည်များ မိမိတို့ဟိုတယ်များ၌ စိတ်အေးချမ်းမြေ့စွာ ရက်ရှည်တည်းခိုနေထိုင်ကြရေးအတွက် ဟိုတယ်အတွင်း အပြင် ဆွဲဆောင်မှုရှိသော အပြင်အဆင်များ ဖန်တီးဖော်ဆောင်ကြရေး၊ ဟိုတယ်ပရဝဏ်အတွင်းနှင့် မျက်နှာစာများကို သန့်ရှင်းသာယာလှပအောင် ပြင်ဆင်ဆောင်ရွက်ကြရေး မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ပုသိမ်မြို့ရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ၁၀ ခန်းတွဲ (RC)သုံးထပ် သင်တန်းသားအိပ်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် 315 KVA Transformer, 11 KVA, 0.4 Line မီးလိုင်းတပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ကျောင်းအဝင် မုခ်ဦး၊ အုတ်တံတိုင်း၊ ခြံစည်းရိုးကာရံခြင်း၊ မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ လျှာထိုးကြမ်းခင်းခြင်းလုပ်ငန်း၊ PA System Apron & Drain အတွင်း ရေ၊ မီး၊ မိလ္လာအပါ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန်၊ ရေရှည်တည်တံ့စေရေး အရည်အသွေးကောင်းမွန်သည့်ပစ္စည်းများ အသုံးပြုတည်ဆောက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဝတီတိုင်းဒေသကြီး တိုင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ၊ မူဝါဒများ၊ လုပ်ငန်းတာဝန်များဖြစ်သည့် အားကစားကဏ္ဍနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပုသိမ်မြို့ ကိုးသိန်း အားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်း မြက်ခင်း စိမ်းလန်းစိုပြည်ရေးအတွက် မြက်ကြမ်းများရှင်းလင်းဖယ်ရှားရန်နှင့် သန့်ရှင်းသာယာလှပရေး ပံ့မှန်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုမူလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ပုသိမ်မြို့ အဆင့်မြင့် ရေကူးကန်အတွင်းရှိ မီတာ ၅၀ ရေကူးကန်၊ ဒိုင်ဗင်ကန် တည်ဆောက်ထားရှိမှုနှင့် နွေရာသီရေကူးသင်တန်း ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရေကူးကန်ကို သတ်မှတ် အချိုးအစားအတိုင်း ဆေးခတ်ခြင်း၊ ရေသန့်စင်ခြင်း ပုံမှန်ဆောင်ရွက်၍ ရေကူးကန် ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန်၊ ရေကူးအားကစားနည်းသည် အိုလံပစ်အားကစားနည်းဖြစ်သည့်အတွက် ရေကူးမျိုးဆက်သစ် အားကစားသမားများရရှိစေရန် နွေရာသီရေကူးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း) ဒွါဒသမအကြိမ် ဘွဲ့နှင်းသဘင်ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဒွါဒသမအကြိမ် ဘွဲ့နှင်းသဘင်နှင့် ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အထိ ဘွဲ့ကြိုပဋ္ဌမနှစ်များတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူ ဘွဲ့ရမောင်မယ်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဆုရရှိသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဘွဲ့ရမောင်မယ်များ အနေဖြင့် မိမိတို့ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနအသီးသီးသို့ လုပ်ငန်းခွင်ဝင်ရောက် တာဝန်ထမ်းဆောင်ရာ၌ မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များကို အသုံးချလျက် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရုံသာမက မျက်မှောက်ခေတ် ကာလကိုလည်း မျက်ခြည်ပြတ်မခံဘဲ AI (Artificial Intelligence) ကဲ့သို့သော နည်းပညာဆိုင်ရာသတင်းအချက်အလက် တိုးတက်လာမှုများကိုလည်း အမြဲမပြတ် လေ့လာဆည်းပူးလျက် မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ပိုမိုထိရောက်အောင်မြင်နိုင်စေရေးအတွက် ဆက်လက်အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တတ်မြောက်ထားသည့် သစ်တောနှင့်ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ပညာရပ်များကို လက်တွေ့အသုံးချပြီး ပေးအပ်လာသည့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဖွဲ့၊ လုံ့လ၊ ဝီရိယတို့ဖြင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားပြီး သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၏ ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အထိ ဘွဲ့ကြိုပဋ္ဌမနှစ်များတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူ ဘွဲ့ရမောင်မယ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အထိ ဘွဲ့ကြိုပဋ္ဌမနှစ်များတွင် ထူးချွန်စွာ အောင်မြင်ပြီးမြောက်ခဲ့ကြသည့် ဘွဲ့ရမောင်မယ်များအား သိပ္ပံဘွဲ့ (သစ်တော) နှင့် မဟာသိပ္ပံဘွဲ့ (သစ်တော) လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံတော်အလံအကြောင်း သိကောင်းစရာဟောပြော



**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန မြန်မာနိုင်ငံတော် အလံအကြောင်း သိကောင်းစရာ ဟောပြောခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

### ရှင်းလင်းဟောပြော

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က မြန်မာနိုင်ငံတော် အလံအကြောင်း သိကောင်းစရာများကို Power Pointဖြင့် ရှင်းလင်းပြောကြားရာ၌ နိုင်ငံတော်အလံ၏ အတိုင်းအတာများ၊ အဓိပ္ပာယ်များကိုလည်းကောင်း၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်အလံ ဥပဒေ၊ နည်းဥပဒေများနှင့် ဥပဒေ၊ နည်းဥပဒေပါ လိုက်နာရန် အချက်များ၊ တားမြစ်ချက်နှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်အလံ သမိုင်းကြောင်းများကို လည်းကောင်း၊ နိုင်ငံတော်အလံ အလေးပြုရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတိပြုစရာ မတ်ပဲ၊ ပဲတီစိမ်း မြစ်ဆွေးမြစ်ခြောက်(ခေါ်)မြစ်ခြောက်ဆွေးရောဂါ

မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများတွင် အထွက်နှုန်းကို ထိခိုက်စေသော အဓိကရောဂါများတွင်အပါအဝင်ဖြစ်သည့် မြစ်ဆွေးမြစ်ခြောက်ရောဂါသည် တောင်သူများက သတိထားကာကွယ်နှိမ်နင်းရန်လိုအပ်သည့် မှိုရောဂါတစ်ခုဖြစ်သည်။ ပဲစိုက်တောင်သူများ၏ စိုက်ခင်းအတွင်း ငယ်စဉ်မှစတင်၍ ပန်းပွင့်ချိန်၊ အသီးဖြစ်ထွန်းချိန်များအထိ အပင်များ အကွက်လိုက်သေခြင်း၊ အပင်များ ညှိုးခြောက်ခြင်းများကြောင့် အထွက်နှုန်းထိခိုက်စေပြီး တချို့နေရာများတွင် ဤရောဂါကြောင့် စိုက်ပျိုး၍ မရနိုင်အောင် ဖြစ်ပေါ်စေပါသည်။

ဒေါက်တာဝင်းသန်း(DOA)

အပင်ငယ်စဉ်မှ အသီးအပွင့်များ ဖြစ်ပေါ်ချိန်အထိ ရောဂါဖြစ်စေသော Rhizoctonia solani နှင့် Rhizoctonia bataticola မှိုများက စိုက်ခင်းအတွင်း ပင်ကြွင်း၊ ပင်ကျန်များနှင့် မြေကြီးထဲတွင် ခိုအောင်းနေထိုင်နိုင်ပြီး မြေဆောင်ရောဂါ၊ မျိုးစေ့ဆောင်ရောဂါများ ဖြစ်စေသည့်အပြင် သီးနှံပင်ကို ရောဂါဝင်ရောက်ပြီးပါက မှိုစပိုးများသည် လေထဲမှတစ်ဆင့် ပျံ့နှံ့ကူးစက်၍လည်း ရောဂါဖြစ်စေနိုင်ပါသည်။

မြေတွင်းအစိုဓာတ်ရရှိချိန် အပင်ငယ်စဉ်တွင် စိုက်ခင်းအတွင်းရှိ စပါးပင်ကြွင်း၊ ပင်ကျန်များနှင့် မြေကြီးထဲတွင် ခိုအောင်းနေထိုင်သည့် ရောဂါဖြစ်စေသော သက်ရှိ(Pathogen)ဖြစ်သည့် Rhizoctonia solani မှိုသည် လုံလောက်သော အစိုဓာတ်ရရှိချိန်၌ ပေါက်ပွားမှုအားကောင်းပြီး ပဲပင်အမြစ်နှင့် မြေပြင်နှင့်ကပ်လျက် အပင်ခြေရင်းကို တိုက်ခိုက်သောကြောင့် အပင်သည် ခါးရိ(Damping off)ရောဂါဖြစ်ကာ တောင့်တင်းခိုင်မာမှုမရှိဘဲ မြေပေါ်သို့ ကွေးညွတ်ကျလာခြင်း၊ အပင်ညှိုးခြင်းများဖြစ်ပေါ်စေပါသည်။ တစ်ခါတစ်ရံ မျိုးစေ့ဘဝတွင် တိုက်ခိုက်ခံရမှုကြောင့် မျိုးစေ့ပုပ် (Seed Rot) ရောဂါဖြစ်သွားပြီး အပင်ပေါက်နိုင်ခြင်းမရှိဘဲ ပုပ်သွားပါသည်။

မြစ်ဆွေးမြစ်ခြောက်ရောဂါဖြစ်စေသည့် Rhizoctonia bataticola (ခေါ်) Macrophomina phaseolina မှိုသည် အပင်ငယ်စဉ်မှအပင်ကြီးအထိ ကျရောက်နိုင်သော်လည်း အပင်ကြီးဖြစ်ထွန်းလာချိန်ဖြစ်သည့် ပန်းပွင့်ချိန်နှင့် အသီးစတင်ဖြစ်ပေါ်ချိန်များတွင် ပူပြင်းခြောက်သွေ့သော ရာသီဥတုရှိပြီး အပူချိန်အားဖြင့် (၃၀-၃၅) ဒီဂရီစင်တီဂရိတ်နှင့် မြေတွင်းအပူချိန်မြင့်တက်ချိန်၊ မြေတွင်းအစိုဓာတ်နည်းလာချိန်နှင့်ဆုံတွေ့ပါက ရောဂါကို ပိုမိုပြင်းထန်စေပါသည်။





## ရောဂါလက္ခဏာ

ရောဂါလက္ခဏာအားဖြင့် မြေပြင်နှင့် ကပ်လျက်ရှိသော ပင်စည်အစိတ်အပိုင်းများတွင် နီညိုရောင်အနာကွက်များ ဖြစ်ပေါ်သည်။ အပင်၏အောက်ရွက်များသည် အဝါရောင်ပြောင်းလဲလာပြီး နောက်ပိုင်းတွင် အရွက်များ ညှိုးကျလာကာ ကြွေကျသွားတတ်သည်။ နီညိုရောင် အနာကွက်များသည် တဖြည်းဖြည်း အမည်းရောင်ပြောင်းလာပြီး ပဲပင်များ ရုတ်တရက်ညှိုးခြင်းနှင့် အပင်သေခြင်းများဖြစ်လာသည်။ ရောဂါစတင်ဖြစ်သော အပင်နှင့်ကပ်လျက်အပင်များပါ ရောဂါ ကူးစက်သဖြင့် အကွက်လိုက်သေနေသော ပုံစံများကို စိုက်ခင်းအတွင်း တွေ့နိုင်ပါသည်။

ရောဂါရအပင်၏ မြေပြင်နှင့်ကပ်လျက် ပင်စည်အခေါက်များကွဲနေပြီး အမြစ်များသည် ပုပ်ဆွေးနေသဖြင့် အလွယ်တကူ ဆွဲနုတ်နိုင်ပါသည်။ အဆိုပါအပင်၏ ပင်စည်နှင့်အမြစ်များတွင် စကလိုးရှား (Sclerotia) ဟုခေါ်သည့် အနက်ရောင်မှိုစ ပိုးအလုံးလေးများကို တွေ့နိုင်ပါသည်။ ပင်စည်ခြေရင်းပိုင်းသည် ခြောက်၍အက်ကွဲနေပါက အတွင်းပိုင်းတွင် အဖြူရောင်မှိုမျှင်များကို တွေ့နိုင်သည်။

ရောဂါဖြစ်စေသော သက်ရှိမှိုသည် ရောဂါရအပင် အကြွင်းအကျန်များထဲတွင် နေနိုင်သကဲ့သို့ မြေကြီးထဲ၌လည်း ရှင်သန်နေထိုင်ကြသည်။ အထူးသဖြင့် စကလိုးရှားများသည် မြေကြီးထဲတွင် နှစ်ပေါင်းများစွာ (၁၅ နှစ်ခန့်အထိ) အသက်ရှင်နေထိုင်နိုင်ပါသည်။ မြေကြီးထဲတွင် ရောက်ရှိနေသော စကလိုးရှားများက နောက်သီးနှံစိုက်ပျိုးချိန်၌ ၎င်းတို့ကြိုက်နှစ်သက်သော ရာသီဥတုအခြေအနေရရှိပါက အညှောက်ပေါက်ပြီး မှိုမျှင်များဖြစ်လာကာ အပင်အမြစ်နှင့် မြေပြင်နှင့်ကပ်လျက် ပင်စည်အပိုင်းများကိုတိုက်ခိုက်၍ ရောဂါဖြစ်စေပါသည်။ ၎င်းမှို၏ လက်ခံပင်ဖြစ်သော သီးနှံများအား ဆက်တိုက်စိုက်ပျိုးပါက ရောဂါသံသရာလည်နေမည်သာဖြစ်ပြီး ရောဂါများလည်း ဆိုးရွားစွာ ကျရောက်နေမည်ဖြစ်ပါသည်။ မိမိစိုက်ခင်းထဲ ရောက်ပြီးပါက အမြစ်ပြတ်သုတ်သင်ရန် ခက်ခဲသော မြေဆောင်မှိုများဖြစ်ပါသည်။

အပင်တွင် ရောဂါဝင်ရောက်ပြီးမှ ကုသမည်ဆိုပါက အောင်မြင်မှုနည်း၍ ငွေကြေးကုန်ကျမှုများနိုင်ပါသည်။ အဓိကအားဖြင့် ရောဂါဖြစ်မှ ကုသခြင်းထက် ရောဂါမဖြစ်စေရန် ကြိုတင်ဆောင်ရွက်ရမည့်အချက်များအား လိုက်နာဆောင်ရွက်ပါက ရောဂါဖြစ်သော်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်စေပါမည်။ ရောဂါရှိပြီးသား စိုက်ခင်းများတွင် ရောဂါဖြစ်စေသော မှို၏သံသရာကိုဖြတ်ပစ်ရန် လိုအပ်ပါသည်။ အထူးအားဖြင့် တောင်သူများ စပါးပြီး ပဲတီစိမ်း၊ စပါးပြီး မတ်ပဲ စိုက်ပျိုးနေသော သီးနှံပုံစံအား ပြောင်းလဲရန် အထူးလိုအပ်သည်။

ဓာတုမှိုသတ်ဆေးများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်း တစ်မျိုးတည်းဖြင့် ရောဂါအား ထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်မည်မဟုတ်ဘဲ ဘက်စုံသီးနှံကာကွယ်ရေးစနစ်အား လိုက်နာဆောင်ရွက်၍ ဖြစ်နိုင်သည့် နည်းလမ်းပေါင်းစုံအသုံးပြုပြီး ရောဂါဖြစ်စေသော သက်ရှိမှိုများကို လျော့ကျအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ဘက်စုံသီးနှံကာကွယ်ရေး နည်းလမ်းများ

- ရောဂါဒဏ်ခံနိုင်ရည်ရှိသော မျိုးကို စိုက်ပျိုးပါ။
- မျိုးစေ့ဆောင်ရောဂါများဖြစ်သည့်အတွက် ရောဂါကင်းသည့် မျိုးစေ့များကိုသာ စိုက်ပျိုးပါ။
- မျိုးစေ့များအား မျိုးစေ့လူးနယ်မှိုသတ်ဆေး တစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပျိုးပါ။
- ရောဂါရသည့် ပင်ကြွင်းပင်ကျန်များကို ဖျက်ဆီးပစ်ပါ။
- နွေထယ်ရေးခံပါ။
- တောင်သူများအနေဖြင့် အစိုဓာတ်ကိုလု၍ နောက်သီးနှံပဲကို အချိန်မီစိုက်ပျိုးနေသဖြင့် ဤရောဂါသံသရာသည် ပြတ်တောက်သွားခြင်း၊ လျော့နည်းသွားခြင်းမရှိပါ။ စိုက်ခင်းမြေအား ထယ်ထိုးပြီး ထယ်လှန်ထားပါက မြေကြီးထဲတွင် ရှိနေသော မြစ်ဆွေးမြစ်ခြောက်ဖြစ်စေသော မှို၏ စကလိုးရှားမှိုလုံးလေးများသည် မြေပြင်ပေါ်ရောက်လာပြီး နေ့စဉ်နေရောင်ခြည်၏အပူချိန်နှင့်ထိတွေ့ကာ သေစေနိုင်သည့်အတွက် ရောဂါဖြစ်စေသော သက်ရှိမှိုအရည်အတွက်အားလျော့ကျစေသဖြင့် အလွန်ထိရောက်သော နည်းလမ်းတစ်ခု ဖြစ်ပါသည်။
- စိုက်ချိန်ကို ချိန်ဆပြီးစိုက်ပျိုးပါ။ (အပူချိန်မြင့်မားသောအချိန်၊ မြေအစိုဓာတ် ခန်းခြောက်သော အခြေအနေမျိုးနှင့် ကြုံဆုံမှုမရှိစေရန် စိုက်ချိန်ကိုညှိပြီး စိုက်ပျိုးပါ။ ဥပမာ- သက်တမ်းတိုသော မျိုး(သို့မဟုတ်)စောစောရင့်မှည့်သောမျိုးကို စိုက်ပျိုးသင့်သည်)။
- အပင်စိပ်စိပ်စိုက်ခြင်းကို ရှောင်ကြဉ်ပါ။ (အပင်ပေါက် ရာခိုင်နှုန်း သေချာစွာစမ်းသပ်ပြီး တစ်ဧက အသုံးပြုရမည့် မျိုးပမာဏအတိုင်းသာ စိုက်ပျိုးသင့်သည်)။
- "ထရိုင်ကိုဒါးမား"မှို ကို မြေပြင်ချိန်မှာ ထောက်ခံနှုန်းထားအတိုင်းထည့်သွင်းပြီးမှ စိုက်ပျိုးပါ။
- အာဟာရဓာတ်ပြည့်စုံအောင်ထည့်သွင်းပါ။ အထူးသဖြင့် ပိုတက်ရှ်မြေဩဇာကို သတ်မှတ်နှုန်းထားအတိုင်း (မဖြစ်မနေ) ထည့်သွင်းစိုက်ပျိုးပါ။
- ဖြစ်နိုင်ပါက သဘာဝမြေဩဇာ (၄ တန်/ဧက)နှင့် တမာကြိတ်ဖတ် (၆၀ ကီလိုဂရမ်/ဧက) (သို့မဟုတ်) ဇင့်ဆာလဖိတ် (၁၀ ကီလိုဂရမ်/ဧက) နှုန်းအား မြေပြင်ချိန်တွင် ထည့်သွင်းစိုက်ပျိုးပါ။
- စိုက်ခင်းသည် ယခင်နှစ်များက မြစ်ဆွေးမြစ်ခြောက်ရောဂါကျရောက်လေ့ရှိပါက စိုက်ခင်းကိုအမြဲသတိထားစောင့်ကြည့်ပါ။

*စာမျက်နှာ ၇ သို့*

❒ **အပင်တွင် ရောဂါဝင်ရောက်ပြီးမှ ကုသမည်ဆိုပါက အောင်မြင်မှုနည်း၍ ငွေကြေးကုန်ကျမှုများနိုင်ပါသည်။ အဓိကအားဖြင့် ရောဂါဖြစ်မှကုသခြင်းထက် ရောဂါမဖြစ်စေရန် ကြိုတင်ဆောင်ရွက်ရမည့်အချက်များအား လိုက်နာဆောင်ရွက်ပါက ရောဂါဖြစ်သော်လည်း ထိခိုက်မှုအနည်းဆုံးဖြစ်စေပါမည်။ ရောဂါရှိပြီးသား စိုက်ခင်းများတွင် ရောဂါဖြစ်စေသော မှို၏သံသရာကို ဖြတ်ပစ်ရန်လိုအပ်ပါသည်။ အထူးအားဖြင့် တောင်သူများ စပါးပြီး ပဲတီစိမ်း၊ စပါးပြီးမတ်ပဲ စိုက်ပျိုးနေသော သီးနှံပုံစံအား ပြောင်းလဲရန် အထူးလိုအပ်**

❒ **ဓာတုမှိုသတ်ဆေးများအသုံးပြု၍ ကာကွယ်နှိမ်နင်းနည်း တစ်မျိုးတည်းဖြင့် ရောဂါအားထိရောက်စွာ ကာကွယ်နှိမ်နင်းနိုင်မည်မဟုတ်ဘဲ ဘက်စုံသီးနှံကာကွယ်ရေးစနစ်အား လိုက်နာဆောင်ရွက်၍ ဖြစ်နိုင်သည့် နည်းလမ်းပေါင်းစုံအသုံးပြုပြီး ရောဂါဖြစ်စေသော သက်ရှိမှိုများကို လျော့ကျအောင် ဆောင်ရွက်ရမည်**

## မြှင့်တင်စို့လား တို့လယ်သမား

* မြေကြီးက ရွှေသီးလို့
တို့ပြည်ကြီး သာယာနေ၊
အထွက်ပိုအောင် တို့ကြိုးစား
မအားနိုင်ပေ၊
စက်မှုကို ခေတ်မီနည်းနဲ့
ပေါင်းစည်းလို့ လုပ်ကိုင်နေ
တိုးဝင်ငွေ ရွှင်လန်း၊
လယ်ကွင်းပြင် မြရောင်စု
ရှုလှည့်ပါစမ်း။

* သီးနှံတွေ အထွက်တိုးဖို့
ကြိုးစားကြ သူသူငါ၊
တို့လယ်မြေ တို့ဆနစပါး
တို့အားထားရာ၊
တိုင်းပြည်ရဲ့ ရိက္ခာ
ဖြည့်စွမ်းရာ တို့လယ်သမား၊
သီဖွဲ့ရာ လက်ာစုနဲ့
ဂုဏ်ပြုတကား။

* နောင်ညီဆွေ ညီဆောင်ပြု
ပြည်ထောင်စုအစွန့်ရှည်
တည်တံ့မည် ထာဝရ၊
ကျရာဝန် ကျေပွန်ထမ်းလို့
တို့တောင်သူ ညီညာလှမ်း
မြန်းစို့တူတကွ။

* နိုင်ငံရဲ့ ရတနာ
ဆိုအပ်ရာ တို့လယ်သမား။
သူတို့အခြေ သူတို့ဘဝ
မြှင့်ကြစို့လား။

ဘိုမျိုး(ရွှေဘို)

## လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် လျှပ်စစ်ဥပဒေပုဒ်မ ၇၂ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ယင်းဥပဒေ ပုဒ်မ ၄၁ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အမိန့်ကြော်ငြာစာအမှတ် (၈၉/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas – LNG)သုံး ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို တိုက်ရိုက်လိုင်းဖြင့် ဓာတ်အားပေးနိုင်သည့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များအတွင်း ရှိ အိမ်သုံးမဟုတ်သည့်နှုန်းထားဖြင့် ကောက်ခံနေသော လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားလိုင်း နှင့် ဓာတ်အားစနစ်ပြတ်တောက်မှု(Line Fault and System Breakdown)မှအပ ဓာတ်အားဖြတ်တောက်မှု (Load Shed) မပြုလုပ်ဘဲ ၂၄ နာရီ သီးခြားဓာတ်အားပေးမည်ဖြစ်ပြီး၊ အဆိုပါ ဓာတ်အားအတွက် ပုံသေ ဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း သတ်မှတ်လိုက်သည်။

၃။ စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/စီးပွားရေးလုပ်ငန်းများက အထက် အပိုဒ်(၂)ပါအတိုင်း ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အား ကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့တင်ပြလာပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ရာတွင် လက်ရှိဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ဓာတ်အားလိုင်းများမှ ဓာတ်အားသယ်ဆောင်နိုင်နင်းမှုအပေါ် မူတည်၍ ပုံမှန်ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးလျက်ရှိသော အများ ပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများကို လက်ရှိကောက်ခံလျက်ရှိသော ဓာတ်အားခနှုန်း (အိမ်သုံး အမျိုးအစားနှင့် အိမ်သုံးမဟုတ်သည့်အမျိုးအစားနှစ်ရပ်၏ အလွှာအလိုက် သတ်မှတ်နှုန်း) ဖြင့် ပြင်ဆင် ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကောက်ခံသွားမည်ဖြစ်ပါသည်။

၅။ ဓာတ်အားသုံးစွဲသူအမျိုးအစားအလိုက် ကောက်ခံမည့်ဓာတ်အားခနှုန်းထား သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | သုံးစွဲယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား** | | |
| | [နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း (အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/သာသနာအဆောက်အအုံ] | ၁ မှ ၅၀ ယူနစ်အထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်အထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်အထိ | ၁၅၀ |
| | **မှတ်ချက်။ လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။** | ၂၀၁ ယူနစ်နှင့် အထက် | ၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား** | | |
| | [စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံး ဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံး ဌာန/လုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ] | ၁ မှ ၅,၀၀၀ ယူနစ်အထိ | ၂၅၀ |
| | | ၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်အထိ | ၄၀၀ |
| | **မှတ်ချက်။** (၁) လက်ရှိကောက်ခံနေသော နှုန်းထားအတိုင်း ပြောင်းလဲမှု မရှိပါ။ (၂) ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဖြန့်ဖြူးမှု နိုင်နင်းခြင်းမရှိလျှင် ဓာတ်အားဖြတ်တောက် မှု( Load Shed) ရှိနိုင်ပါသည်။ (၃) စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ၏ ပြင်ပတွင်ရှိသော စက်မှု/ စီးပွားရေးလုပ်ငန်းများက ပုံသေဓာတ်အားခနှုန်း တစ်ယူနစ်လျှင် ၉၀၀ ကျပ် ပေးဆောင်၍ လျှပ်စစ်ဓာတ်အားကို ၂၄ နာရီ ရယူလိုကြောင်း ဌာနသို့ တင်ပြလာပါက ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။ | ၂၀,၀၀၁ယူနစ်နှင့်အထက် | ၅၀၀ |
| (ဂ) | သီးခြားတိုက်ရိုက်လိုင်းဖြင့် ဓာတ်အားရယူထားပြီး ဓာတ်အားဖြတ်တောက်မှု မရှိဘဲ ၂၄ နာရီ ဓာတ်အားရရှိသော စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်နှင့် စက်မှု/စီးပွားရေးလုပ်ငန်းများ အမျိုးအစား | ၁ ယူနစ်နှင့်အထက် | ၉၀၀ |

၆။ ဤလျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

*စာမျက်နှာ ၆ မှ*

- အပင်ငယ်စဉ် ခါးရိုပြီး အပင်များညှိုးသေမှုများရှိပါက ဗယ်လီဒါမိုင်စင်(Validamycin 5 % SL)အား (၂-၃ စီစီ/ရေတစ်လီတာ)၊ (သို့မဟုတ်) သိုင်အိုဖာနိတ်မီသိုင်း (Thiophanate methyl 70% WP)၊ ပရိုပီကိုနာဇိုး (Propiconazole 25% EC )၊ တက်ဗျူကိုနာဇိုး (Tebuconazole 250 EC) စသော မှိုသတ်ဆေးတစ်မျိုးမျိုးအား အမှုန့်ဖြစ်ပါက (၁-၂ ဂရမ် /ရေ ၁လီတာ)၊ အရည်ဖြစ်ပါက (၁-၂ စီစီ/ရေ ၁ လီတာ) သို့မဟုတ် မှိုသတ်ဆေးအညွှန်းပါ ထောက်ခံနှုန်းထားအတိုင်း အပင်ခြေရင်းအား ရွှဲရွှဲပက်ဖျန်းပေးပါ။
- အပင်ကြီးဖြစ်ချိန် မြစ်ဆွေးမြစ်ခြောက်ရောဂါ လက္ခဏာ စတင်တွေ့ရှိပါက တက်ဗျူကိုနာဇိုး+ ထရိုင်ဖလောက်ဆီစထရိုဘင် (Tebuconazole 50% + Trifloxystrobin 25% WG)၊ သိုင်အိုဖာနိတ်မီသိုင်း (Thiophanate methyl 70% WP)၊ ပရိုပီကိုနာဇိုး (Propiconazole 25% EC )၊ တက်ဗျူကိုနာဇိုး (Tebuconazole 250 EC) စသော မှိုသတ်ဆေးတစ်မျိုးမျိုးအား အမှုန့်ဖြစ်ပါက (၁-၂ ဂရမ်/ရေ ၁လီတာ)၊ အရည်ဖြစ်ပါက (၁-၂ စီစီ/ရေ ၁ လီတာ) သို့မဟုတ် မှိုသတ်ဆေးအညွှန်းပါထောက်ခံနှုန်းထားအတိုင်း အပင်ခြေရင်းအား ရွှဲရွှဲပက်ဖျန်းပေးပါ။
- စိုက်ခင်းတွင် မြစ်ဆွေးမြစ်ခြောက်ရောဂါ နှစ်စဉ် ဆက်တိုက် ဆိုးရွားစွာကျရောက်ပါက ပဲမျိုးရင်းဝင်မဟုတ်သော အခြားသီးနှံများ (ဟင်းသီးဟင်းရွက်၊ နှံစားပြောင်း၊ ဂျုံ)နှင့် သီးလှည့် (၃-၄) နှစ်ခန့်စိုက်ပျိုးပါ။

မတ်ပဲ၊ ပဲတီစိမ်းစိုက်တောင်သူများ သီးနှံရောဂါများ ကာကွယ်နှိမ်နင်းနိုင်ပြီး မျှော်မှန်းအထွက်နှုန်းရရှိအောင် ကြိုးစားဆောင်ရွက်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်း၍ ဆောင်းပါးကို ရေးသားတင်ပြလိုက်ရပါသည်။ ။



မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မိတ္ထီလာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကို ဦးဆောင်သော လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက မိတ္ထီလာမြို့ အနောက်ဘက်ခြမ်းကို ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ သပြေဝ-အောင်ဆန်း ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ ကြံ့ခိုင်ရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၅ ရက်က ဆောင်ရွက်စဉ်။
သိန်းမြင့်ကျော်(မိတ္ထီလာ)

# ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စစ်ကိုင်းမြို့အတွင်း လှည့်လည်ပူဇော်ခြင်းနှင့် ပင့်ဆောင်ခြင်းအခမ်းအနားကျင်းပ



**မုံရွာ ဖေဖော်ဝါရီ ၂၈**

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို လှည့်လည်ပူဇော်ခြင်းနှင့် စေတီတော်ကြီးသို့ ပင့်ဆောင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူဝိပဿနာတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ သီတဂူဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သီတဂူဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စစ်ကိုင်းမြို့အတွင်း လှည့်လည်ပူဇော်ရန် မော်တော်ယာဉ်ပေါ်သို့ ပင့်ဆောင်ကြကာ စစ်ကိုင်းတောင်ရိုး သီတဂူဝိပဿနာတက္ကသိုလ်မှ ကျော်ထက်လမ်းဆုံ၊ ကမ်းနားလမ်းနှင့် စစ်ကိုင်း - မုံရွာ ကားလမ်းတစ်လျှောက် စူဠာမဏိကောင်းမှုတော် စေတီတော်မြတ်ကြီးသို့ လှည့်လည်ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧရာဝတီမြစ်ကမ်း စစ်ကိုင်း-မင်းကွန်း ကားလမ်း ရေတိုက်စားမှုကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်း ဘိုးပိုင်အခြေပြု သံကူကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်ဘိုးဘွားရိပ်သာသို့ အလှူငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများလှူဒါန်း

**စစ်တွေ ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဘိုးဘွားရိပ်သာသို့ အလှူငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂါရဝပြုဆုတောင်းစကားပြောကြားပြီး ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက ဘိုးဘွားရိပ်သာနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ်




ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့ဝင်များက အဘိုးအဘွားများအား အလှူငွေနှင့်စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ဘိုးဘွားရိပ်သာအတွက် လှူဒါန်းသည့် အလှူငွေများကို ဘိုးဘွားရိပ်သာကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။(ဓာတ်ပုံ)

ယင်းနောက် ဘိုးဘွားရိပ်သာအတွင်း လျှပ်စစ်မီးရရှိနိုင်ရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးများ တပ်ဆင်ထားရှိမှုနှင့် ဆိုလာမီးဖြင့် အဘိုးအဘွားများအတွက် ထမင်း၊ ဟင်းများ ချက်ပြုတ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စစ်တွေမြို့ဝင် မုခ်ဦးတည်ဆောက်နေမှု အခြေအနေ၊ ဂဠုန်ရပ်ကွက်ရှိ ရန်ပြေမာန်ပြေဘုရားကြီးအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်မှု ပြီးစီးသည့်အခြေအနေ၊ ပြည်နယ်အစိုးရအဖွဲ့ အိမ်ရာဝင်းအတွင်း နေအိမ်များကို အကြီးစားပြုပြင်နေမှုနှင့် ပြုပြင်ပြီးစီးနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

**ဓာတ်ပုံ- ဝင်းမင်းစိုး**

# ဒုတိယဝန်ကြီး ဦးထိန်လင်း မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် ဒက္ခိဏသီရိမြို့နယ် အားကစားကွင်း ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် ဒက္ခိဏသီရိမြို့နယ် အားကစားကွင်း ပြန်လည်ပြုပြင်ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မန္တလေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဓာတ်လှေကားများ ပြန်လည်ပြုပြင်ပြီးစီးမှု၊ VIP အထူးတန်း ပွဲကြည့်စင်မှန်များနှင့် မီးလိုင်းများ ပြန်လည်ပြုပြင် တပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ ဘောလုံးကွင်း မီတာ ၄၀၀ Synthetic ပြေးလမ်းခင်းကျင်းရန်အတွက် AC အလွှာခင်းကျင်းပြီးစီးမှု၊ မြက်ခင်းပြင်စိမ်းလန်းစိုပြည်စေရေးအတွက် ရေဖျန်းစနစ်တပ်ဆင်ထားရှိမှုကိုလည်းကောင်း၊ အားကစားသမားနားနေခန်း၊ အဝတ်လဲခန်း၊ ဒိုင်လူကြီးများနားနေခန်း၊ သန့်စင်ခန်း အုတ်နံရံနှင့် နံရံပလာစတာများ ပြန်လည်ဖာထေးပြုပြင်ပြီးစီးမှုကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) မျက်နှာစာရှိ ကားပတ်လမ်း ပြန်လည်ခင်းကျင်းပြီးစီးမှု၊ ရုံအတွင်းဘက် အုတ်နံရံနှင့် ပွဲကြည့်စင်ပြန်လည်ပြုပြင်ပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိရေကူးကန် မီတာ ၅၀ ပြိုင်ပွဲသုံး ရေကူးကန်နှင့် ဒိုင်ဗင်ကန် ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးကောင်းမွန်စေရေးတို့အတွက် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ၏ ပင်မအားကစားကွင်းဖြစ်သော ရွှေကြာပင် အားကစားကွင်းအတွင်းရှိ ဘောလုံးကွင်းမြက်ခင်းပြင် ပြန်လည်စိုက်ပျိုးပြီးစီးမှု၊ ရေဖျန်းစနစ် တပ်ဆင်ပြီးစီးမှုနှင့် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် မီတာ ၄၀၀ Synthetic ပြေးလမ်းအသစ် ပြန်လည်ခင်းကျင်းပြီးစီးမှုကိုလည်းကောင်း၊ ပေ(၄၈၀x၆၀) အနောက်ဘက် အထူးတန်း ပွဲကြည့်စင်နှင့် ပေ (၁၈၀x၁၅၀) မိုးလုံလေလုံအားကစားရုံ ရှေ့မျက်နှာစာ Composite အပြားများ တပ်ဆင်ပြီးစီးမှု၊ ပွဲကြည့်စင်များနှင့် နံရံများပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ LED ဘုတ်ပြားပြုပြင်ပြီးစီးမှု၊ ရေလိုင်း မီးလိုင်းများ ပြန်လည်ပြုပြင်တပ်ဆင်ပြီးစီးမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီသည့် Synthetic ပြေးလမ်းပါ ဘောလုံးကွင်း ရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လယ်ဝေးခရိုင်အတွင်းရှိ ဒက္ခိဏသီရိမြို့နယ် အားကစားကွင်း မြေသားပြေးလမ်းခင်းကျင်းရန်အတွက် ကွင်းမြေညှိခြင်းလုပ်ငန်း၊ ဘောလုံးကွင်းကြမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ငါးရိုးရေစိမ့်မြောင်းထည့်သွင်းပြီးစီးမှု၊ လေးလက်မကျောက်ခင်းခြင်းနှင့်အတွင်းရေနုတ်မြောင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ဂါလန် ၈၀၀၀၀ ဆံ့ ရေစုကန် (Ground Water Tank) မြေတူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် 100 KVA Transformer တပ်ဆင်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်

**မော်လမြိုင် ဖေဖော်ဝါရီ ၂၈**
မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ညောင်ပင်ဆိပ်ရပ်ကွက် မော်လမြိုင်-ဘားအံကားလမ်းမကြီးဘေး စက်မှုဇုန်ရှေ့၌ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ကောက်ယူရှင်းလင်းခြင်းနှင့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

မွန်ပြည်နယ်အတွင်း မြို့နယ်အသီးသီးတွင် မြို့သန့်ရှင်းသာယာလှပမှုရှိစေရေး၊ စွန့်ပစ်အမှိုက်များ ကင်းရှင်းစေရေး စုပေါင်းသန့်ရှင်းရေးကို ရပ်ကွက်နေပြည်သူများ ပူးပေါင်းပါဝင်၍ အပတ်စဉ်ပုံမှန် ဆောင်ရွက်ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ရွှေသင်္ကန်း ကပ်လှူပူဇော်ကာ စေတီတော်မြတ်ကြီးရင်ပြင်တော်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ရောင်တော်ဖွင့်ပွဲ၊ ကျောက်လုံးတော်ကြီး (၁၂)ကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို တပေါင်းလပြည့်နေ့တွင် ကျင်းပသွားမည်ဖြစ်သည့်အတွက် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေး၊ ရင်ပြင်တော်နှင့် တောင်တက်ဝန်းကျင်သန့်ရှင်းသပ်ရပ် စိမ်းလန်းစိုပြည်စေရေး၊ ဈေးဆိုင်တန်းနှင့် စားသောက်ဆိုင်တန်းများ စနစ်တကျဖြစ်စေရေး၊ မိလ္လာနှင့်အမှိုက်များ စနစ်တကျစွန့်ပစ်စေရေး မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စေတီတော်မြတ်ကြီးအတွက် အလှူတော်ငွေများ လှူဒါန်းခဲ့ကြောင်း **(အပေါ်ဝဲပုံ)** သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ဟဲလုံခေတ်မီစံပြကျေးရွာအတွင်းရှိ မွေးမြူရေးတောင်သူများအား ဒေသကြက်၊ ဝက် အစာနှင့်ဆေးဝါးပစ္စည်းများ အခမဲ့ထောက်ပံ့

**မိုးညှင်း ဖေဖော်ဝါရီ ၂၈**
ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီး၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက မိုးညှင်းမြို့နယ် ဟဲလုံခေတ်မီစံပြကျေးရွာ (Smart Village) ကျေးရွာသီရိရတနာခန်းမဆောင်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဦးစီးကျင်းပသည့် မူးယစ်ဆေးဝါးပပျောက်ရေး အထောက်အကူပြု အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးတိရစ္ဆာန်များ အခမဲ့ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးက မူးယစ်ဆေးဝါးပပျောက်ရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးတိရစ္ဆာန်များ အခမဲ့ထောက်ပံ့ပေးအပ်သွားမည့်အစီအစဉ်၊ မွေးမြူရေးတိရစ္ဆာန်များအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများနှင့် စနစ်တကျ ခြံလှောင်စနစ်ဖြင့် မွေးမြူနိုင်ရေး အသိပညာပေး ဟောပြောဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အစီအစဉ်ဖြင့် မိုးညှင်းမြို့နယ် ဟဲလုံခေတ်မီစံပြကျေးရွာရှိ တောင်သူများအတွက် တစ်အိမ်ထောင်လျှင် ၁၀ ကောင်နှုန်းဖြင့် အိမ်ထောင်စု ၅၀ အတွက် စုစုပေါင်းဒေသကြက်ကောင်ရေ ၅၀၀ နှင့် မြို့မရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၅၀ တို့အတွက် ဒေသဝက်ကောင်ရေ ၅၀၊ ဝက်စာနှင့် ကြက်စာအိတ်များ၊ မွေးမြူရေး အထောက်အကူပြုဆေးဝါးများကို ထောက်ပံ့ပေးအပ်ပြီး ကျေးရွာရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းပေးအပ်သည်။

ယင်းနောက် မိုးညှင်းမြို့နယ် နားခါရပ်ကွက်ရှိ ထီးလင်းကျောင်းတိုက်သို့ သွားရောက်ကာ ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ ကျောင်းတိုက်အတွင်း ယာယီခိုလှုံနေထိုင်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်မှ ဝန်ထမ်းများ၊ ဒေသခံအိမ်ထောင်စုများနှင့် တွေ့ဆုံ၍ အိမ်ထောင်စု ၉၀၊ လူဦးရေ ၃၀၀ ကျော်အတွက် ဆန် ငါးအိတ်၊ ဆီ နှစ်ပုံး ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် အောင်ချက်မြင့်မားရေးအတွက် ဆရာ ဆရာမများ၊ Grade-12 ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံထောက်ပံ့ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က Grade-12 ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀ **(အပေါ်ပုံ)**၊ ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးက ထောက်ပံ့ ငွေကျပ်သိန်း ၅၀ နှင့် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့သည့် ဆန်အိတ်များနှင့် ဆီဘူးများကို ပေးအပ်ရာ တာဝန်ခံခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။



ထို့နောက် မြို့မရပ်ကွက်အတွင်းရှိ ဗုဒ္ဓပိယကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကို ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကျောင်းတိုက်အတွက် နဝကမ္မအလှူငွေနှင့် ကျောင်းတိုက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်မှ လာရောက်ခိုလှုံ နေထိုင်လျက်ရှိသော ဝန်ထမ်းများနှင့် အိမ်ထောင်စုများအတွက် ဆန်ငါးအိတ်နှင့် ဆီ နှစ်ပုံး ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာရှိ ဓမ္မဥယျာဉ်ကျောင်းတိုက် ဆရာတော်ကို ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နဝကမ္မအလှူငွေနှင့် ကျောင်းတိုက်အတွင်း ယာယီခိုလှုံနေထိုင်လျက်ရှိသော ကသာမြို့နယ်မှ ဝန်ထမ်းများနှင့် အိမ်ထောင်စု ၇၀ ကျော်တို့အတွက် ဆန်အိတ်နှင့် ဆီပုံးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# စီမံကိန်းသီးနှံ နွေစပါးစိုက်ပျိုးထားမှု ကွင်းဆင်းကြည့်ရှု

**ညောင်ရွှေ ဖေဖော်ဝါရီ ၂၈**
ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာ ရောင်နီဦး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား တောင်သူများ နွေစပါးစိုက်ပျိုးထားမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့သည်။

ကွင်းဆင်း ကြည့်ရှုရာတွင် ပြည်နယ်ဦးစီးမှူးက သွင်းအားစုမြေဩဇာများ ပံ့ပိုးပြီးဖြစ်သည့်အတွက် စနစ်တကျထည့်သွင်းရေး၊ ရွက်ဖျန်းသဘာဝမြေဩဇာများ အသုံးပြု၍ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရေး၊ လိုအပ်သော နည်းပညာများအား စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ရေးနှင့် ထွက်ရှိလာသော စပါးများကို မြို့နယ်သမဝါယမအသင်းစုမှ ဝယ်ယူကြိတ်ခွဲ၍ ဖြန့်ဖြူးပေးနိုင်ရေး အသင်းအဆင့်ဆင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ညောင်ရွှေမြို့နယ်တွင် သမဝါယမ အသင်းသား တောင်သူများမှ နွေစပါးစိုက်ဧက ၁၆၂၀ လျာထား စိုက်ပျိုးလျက်ရှိရာ သမဝါယမအသင်း လေးသင်းမှ နွေစပါးစိုက်ဧက ၅၆၈ ဧက၌ DU.16 စပါးမျိုးများ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စေတုတ္တရာမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်ကျောင်းများ ပြင်ဆင်ဆောင်ရွက်မှုစစ်ဆေး

**စေတုတ္တရာ ဖေဖော်ဝါရီ ၂၈**
မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် အခြေခံပညာအထက်တန်းကျောင်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးရှိန်းမင်းထက်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် စေတုတ္တရာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် စာမေးပွဲဖြေဆိုခန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ စာမေးပွဲဖြေဆိုမည့် အခန်းများ အလင်းရောင်ကောင်းစွာရရှိရေး စီမံဆောင်ရွက်ထားရှိမှု၊ မီးဘေးလုံခြုံရေးစီမံဆောင်ရွက်ထားရှိမှု၊ ကျောင်းကျန်းမာရေးဆေးခန်းဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ စီမံဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**ဆန်းကိုကို (ပြန်/ဆက်)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် (သင့်ကြောင့် မီးမလောင်ပါစေနှင့်)

ခင်မောင်ထွေး

❖ **မိမိ၏ပေါ့ဆမှုကြောင့် မိမိ မိသားစုသာမက မိမိရပ်ရွာဒေသတစ်ခုလုံး မီးကူးစက်လောင်ကျွမ်းမှု မဖြစ်စေရေးအတွက် လျှပ်စစ်မီးသုံးစွဲရာတွင် သတိ၊ အသိဖြင့် ဂရုတစိုက်သုံးစွဲကြရန် လိုအပ်သည်။ အထူးသဖြင့် မီးပျက်ချိန်နှင့် မလိုအပ်တော့သည့် အချိန်၊ အိမ်ပြင်သို့ ထွက်သည့်အချိန်၊ အနားယူအိပ်စက်ချိန်တို့တွင် သုံးလက်စလျှပ်စစ်ပစ္စည်းများကို မပျက်မကွက်ပိတ်ရန် သတိပြုကြရမည်**

❖ **ပူပြင်းခြောက်သွေ့သောကာလများတွင် အပူချိန်မြင့်မားခြင်း၊ လေတိုက်နှုန်း မြင့်မားခြင်းနှင့် အစိုဓာတ်နည်းပါးခြင်းတို့ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်တက်လာနိုင်သည့်အတွက် ပြည်သူများက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် လိုအပ်**

"ဥသြ၊ ဥသြ"

ဥသြငှက်တို့၏ တွန်ကျူးသံက ကြည်နူးဖွယ်ကောင်းလှသည်။ ဥသြငှက်တို့၏ အသံက နွေလ၏ သင်္ကေတလည်းဖြစ်သည်။ ဥသြတွေတွန်ကျူး နွေဦးရောက်ခဲ့လေပြီ။

"ဟော့၊ ကိုညဏ်။ မနေ့က ဖုန်းခေါ်တာ မကိုင်ဘူး။ ဘယ်ပျောက်နေလဲ"

"ဟာ၊ ဟုတ်လား။ မနေ့က ရုံးမှာ မီးသတ်ဆေးဘူးနဲ့ လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ရေးလုပ်ငန်းတွေ လုပ်နေရလို့ဗျို့"

တစ်ဆက်တည်းမှာပဲ ကိုညဏ်က လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ သူတစ်ခါမျှ မလုပ်ခဲ့ဖူးကြောင်း၊ လက်တွေ့လုပ်ကြည့်မှ ကိုယ့်အတွက်လည်း အကျိုးရှိအသုံးဝင်မှုကို သိလာခဲ့ကြောင်း ဆိုပါသည်။

**စနစ်တကျလက်တွေ့လေ့ကျင့်မှုတွေ ပြုလုပ်**

"ဒါပေါ့ဗျာ။ လူဆိုတာ တကယ့်အရေးကြုံလာရင် ခြေမကိုင်မိ လက်မကိုင်မိနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းသိတာ မဟုတ်ဘူးဗျ။ သိသည့်တိုင်အောင် စနစ်တကျလက်တွေ့လေ့ကျင့်မှုတွေ လုပ်မထားရင် မီးသတ်ဆေးဘူးကို ဘယ်ကစလို့ ဘယ်လိုဖွင့်ပြီး မီးကို ဘယ်လိုငြိမ်းသတ်ရမလဲဆိုတာ ဘယ်လုပ်တတ်မှာလဲ"

သူ၏အဆိုကို ကျွန်တော်က တစ်ခဲနက်ထောက်ခံရင်း လူ့သဘာဝ လူမနေသာအရ လူတို့စိတ်တွင် ဖြစ်လေ့ဖြစ်ထရှိသော လူ့စိတ်သဘာဝကို ဆင်ခြင်မိပြီး ကျွန်တော့်အမြင်ကိုလည်း တစ်ဆက်တည်း ပြောလိုက်ပြန်သည်။

"ငယ်စဉ်ကတော့ ကျွန်တော်တို့လည်း ဒါမျိုးလေ့ကျင့်မှုတွေ၊ သင်တန်းတွေကို အပိုအလုပ်တွေလို့ ထင်ခဲ့မိတာပေါ့ဗျာ။ အသက်အရွယ်တွေရ၊ ဘဝအတွေ့အကြုံတွေရလာမှ အသိပညာ၊ အတတ်ပညာနဲ့ ဆက်စပ်တဲ့သင်တန်းတွေ၊ လေ့ကျင့်မှုတွေက ကိုယ့်ဌာန၊ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်မြို့ ကိုယ့်ရွာသာမက ကိုယ့်ဘဝ ကိုယ့်မိသားစုအတွက်ပါ တစ်ချိန်မဟုတ် တစ်ချိန် အသုံးဝင်တယ်ဆိုတာ သိလာရတယ်ဗျ"

ယခုရက်ပိုင်းအတွင်း နွေလ၏ သင်္ကေတ ဥသြငှက်တို့၏ တွန်ကျူးသံများနှင့်အတူ မီးသတ်ကားများ၏ ဥသြဆွဲသံများကိုလည်း ထိတ်လန့်ဖွယ်မကြာခဏကြားလာရပေသည်။ နွေခေါင်ခေါင်မရောက်မီ နွေဦးကာလမှာပင် မီးလောင်မှုများက မကြာခဏလို ဖြစ်ပွားလျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နံနက်စောပိုင်းက ဖြစ်ပွားခဲ့သော ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ စတိုးဆိုင်ဖွင့်လှစ်ထားသော နေအိမ်မီးလောင်မှုဖြစ်စဉ်တွင် သက်ကြီးပိုင်း ညီအစ်မအမျိုးသမီးကြီးနှစ်ဦးဖက်လျက်သား အသက်ဆုံးရှုံးခဲ့ရရှာသည်။

မီးလောင်မှုဖြစ်စဉ်များတွင် လူနေအိမ်များသာမက ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ စက်ရုံအလုပ်ရုံများလည်း ပါဝင်သည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့ မွန်းလွဲပိုင်းက လောင်ကျွမ်းခဲ့သော လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် ကုလားကြီးစုကျေးရွာ တောင်တွင်းကြီးလမ်းရှိ အမက(၂၃) စာသင်ကျောင်းမီးလောင်မှုဖြစ်စဉ်တွင် သုံးမိနစ် လျှပ်စစ်ရေနွေးအိုးတည်ထားခဲ့ရာမှ မေ့လျော့ပြီး စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းမီးလောင်မှု အပါအဝင် တစ်ရက်တည်း မီးလောင်မှု သုံးကြိမ် ဖြစ်ပွားခဲ့သည်။

ထို့အတူ ဖေဖော်ဝါရီလ ၁၈ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန် ငှက်ပျောတောလမ်းရှိ အထည်ချုပ်စက်ရုံတစ်ရုံ၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်အပိုင်း(၅) ဗညားဒလလမ်းရှိ ဖွဲစက်ရုံတစ်ရုံနှင့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန်ရှိ စက်ရုံတစ်ရုံတို့တွင်မီးလောင်မှုများ ဖြစ်ပွားခဲ့ပြန်သည်။ ရွှေပြည်သာစက်မှုဇုန်တွင် တစ်ပတ်အတွင်း စက်ရုံမီးလောင်မှု နှစ်ကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ် စက်မှုဇုန်အပိုင်း(၅)တွင် ဖြစ်ပွားခဲ့သော ဖွဲစက်ရုံမီးလောင်မှုဖြစ်စဉ်တွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များက ပူးပေါင်းငြိမ်းသတ်ခဲ့ကြသော်လည်း ဆက်လက်လောင်ကျွမ်းနေသဖြင့် ည ၁၀ နာရီ ၄၇ မိနစ်တွင် Level 1 အဆင့်ဖြင့် ထပ်မံမီးငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

ရွှေပြည်သာမြို့နယ် ဝါးတရာစက်မှုဇုန်ရှိ ဖော့စက်ရုံမီးလောင်မှုဖြစ်စဉ်တွင်လည်း Level 1 အဆင့် မီးလောင်ကျွမ်းခဲ့၍ တစ်နာရီကျော်ကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ အဆိုပါ မီးလောင်မှုတွင် စက်ရုံရှေ့၌စုပုံထားသော ဖော့ဘူး၊ စက္ကူပုံးများ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ပင်မစက်ရုံသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းမရှိကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၂၅ ရက် ညပိုင်းကလည်း နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု ကင်ပွန်းတန်းကျေးရွာရှိ အာဟာရသုခဈေး၌ မီးလောင်မှုဖြစ်ပွားခဲ့ပြန်သည်။ ည ၈ နာရီ ၄၆ မိနစ်တွင် ဈေးရုံ၏ ရုံအမှတ် (ဂ)မှစတင်၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက အချိန်မီသွားရောက်မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၃၁ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ ယင်းမီးလောင်မှုဖြစ်စဉ်တွင် လူအသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း၊ ဈေးရုံ ငါးရုံအနက် ဈေးရုံတစ်ရုံရှိ ဆိုင်ခန်းပေါင်း ၂၄၀ ခန့် မီးလောင်ပျက်စီးခဲ့သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဖေဖော်ဝါရီ ၂၀ ရက်အထိ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မီးလောင်မှုစုစုပေါင်း ၁၉၆ ကြိမ်ဖြစ်ပွားခဲ့ရာ မီးဖိုမီး ၂၈ ကြိမ်၊ ပေါ့ဆမီး ၆၅ ကြိမ်၊ အလိုအလျောက်မီး လေးကြိမ်၊ လျှပ်စစ်မီး ၇၅ ကြိမ်၊ မသမာသူ ရှို့မီး ငါးကြိမ်၊ တောမီး ၁၆ ကြိမ်နှင့် သောင်းကျန်းသူ ရှို့မီး သုံးကြိမ်ဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရသည်။

**လျှပ်စစ်နှင့် ပေါ့ဆမှုကြောင့် လောင်ကျွမ်းသောမီးတို့ အများဆုံးဖြစ်**

မီးလောင်မှုဖြစ်စဉ်များအနက် လျှပ်စစ်နှင့်ပတ်သက်၍ လောင်ကျွမ်းသောမီးနှင့် ပေါ့ဆမှုကြောင့် လောင်ကျွမ်းသောမီးတို့က အကြိမ်အရေအတွက် အများဆုံးဖြစ်ရာ ပြည်သူများအနေဖြင့် မိမိတို့နေအိမ်နှင့်ဆိုင်ခန်းများတွင် ဝိုင်ယာသွယ်တန်းရာ၌ သတ်မှတ်စံချိန်စံညွှန်းနှင့် အရည်အသွေးမီသော ဝိုင်ယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများကို စနစ်တကျသုံးစွဲကြရန် လိုအပ်ပါသည်။

ထို့အတူ အိမ်များ၊ ဆိုင်ခန်းများတွင် သွယ်တန်းထားသော မီးကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ဟောင်းနွမ်း ပေါက်ပြဲပျက်စီးခြင်းများကို စစ်ဆေးပြီး အချိန်မီလဲလှယ်ကြရန်၊ ပလပ်တစ်ခုတည်းတွင် လျှပ်စစ်အသုံးအဆောင်ပစ္စည်း အများအပြား ပူးတွဲအသုံးမပြုရန်နှင့် အိမ်တွင်း လျှပ်စစ်သွယ်တန်းမှုများကိုလည်း ကျွမ်းကျင်သူများနှင့် ပုံမှန်စစ်ဆေးရန်လည်း လိုအပ်ပါသည်။

ထို့အတူ မိမိ၏ ပေါ့ဆမှုကြောင့် မိမိ မိသားစုသာမက မိမိရပ်ရွာဒေသတစ်ခုလုံး မီးကူးစက်လောင်ကျွမ်းမှုမဖြစ်စေရေးအတွက် လျှပ်စစ်မီးသုံးစွဲရာတွင် သတိ၊ အသိဖြင့် ဂရုတစိုက်သုံးစွဲကြရန် လိုအပ်သည်။ အထူးသဖြင့် မီးပျက်ချိန်နှင့် မလိုအပ်တော့သည့် အချိန်၊ အိမ်ပြင်သို့ ထွက်သည့်အချိန်၊ အနားယူအိပ်စက်ချိန်တို့တွင် သုံးလက်စလျှပ်စစ်ပစ္စည်းများကို မပျက်မကွက်ပိတ်ရန် သတိပြုကြရမည် ဖြစ်ပါသည်။

ပူပြင်းခြောက်သွေ့သောကာလများတွင် အပူချိန် မြင့်မားခြင်း၊ လေတိုက်နှုန်းမြင့်မားခြင်းနှင့် အစိုဓာတ်နည်းပါးခြင်းတို့ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်တက်လာနိုင်သည့်အတွက် ပြည်သူများက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် လိုအပ်သည်။

မီးတားလမ်းများ ဖောက်လုပ်ထားရှိရေး၊ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုးများအား အသစ်လဲလှယ်တပ်ဆင်ရေး၊ စနစ်တကျသွယ်တန်းစေရေး၊ အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိရေး၊ ရေရရှိရေးအတွက် မီးသတ်ရေကန်များ၌ ရေဖြည့်တင်းထားရှိရေးနှင့် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် FSC လျှောက်ထားရယူရေး စသည့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအစီအစဉ်များကို သတိတမံ ဉာဏ်မြေကတုတ် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရပါမည်။

ဥသြငှက်တို့၏တွန်ကျူးသံနှင့်အတူ နွေဦးရာသီရောက်ပြီဆိုလျှင်ဖြင့် မီးသတ်ဦးစီးဌာန၏ **"သင့်ကြောင့် မီးမလောင်ပါစေနှင့်"** သတိပေးနှိုးဆော်ချက်ကို မိဘပြည်သူများအားလုံး သတိပြုဆင်ခြင်ပြီး မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြရန် အသိပေးနှိုးဆော်လိုက်ရပါသည်။ ။

> **❝ မီးတားလမ်းများ ဖောက်လုပ်ထားရှိရေး၊ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုးများအား အသစ်လဲလှယ်တပ်ဆင်ရေး၊ စနစ်တကျသွယ်တန်းစေရေး၊ အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာ ထားရှိရေး၊ ရေရရှိရေးအတွက် မီးသတ်ရေကန်များ၌ ရေဖြည့်တင်းထားရှိရေးနှင့် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးထောက်ခံချက် FSC လျှောက်ထားရယူရေး စသည့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းအစီအစဉ်များကို သတိတမံဉာဏ်မြေကတုတ် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရပါမည် ❞**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဒုတိယနေ့ ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိပြည်သူ့ရင်ပြင်၌ ကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဒုတိယနေ့ ယှဉ်ပြိုင်နေမှုနှင့် ပြိုင်ပွဲများတွင် ကဏ္ဍအလိုက် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို သွားရောက်ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

မြန်မာနိုင်ငံ၌ အကြီးကျယ်အခမ်းနားဆုံး အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မူလတန်းအဆင့်အတွက် အာကာသသူရဲကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်အတွက် စူးစမ်းလေ့လာ အာကာသကမ္ဘာနှင့် အခြေခံပညာအထက်တန်းအဆင့်အတွက် အနာဂတ် အာကာသနည်းပညာ ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူ ၆၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြကာ အဆိုပါ ပြိုင်ပွဲဝင် လက်ရာများထဲမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု ၁၀ ဆုအပြင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူတိုင်းအား အသိအမှတ်ပြုလက်မှတ်(Certificate)နှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



## (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် ကညင်ငူ-နွားရေတိုက်- ငါးတဲစု ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်

**ပုသိမ် ဖေဖော်ဝါရီ ၂၈**

(၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကညင်ငူ-နွားရေတိုက်- ငါးတဲစုလမ်း၊ လမ်းအရှည် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ၇ လက်မရှိ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ လမ်းသစ်၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု တစ်နှစ်ပေါ်ဆန်းနှစ်သီး နွေစပါး ၁၀ ကေစံပြစိုက်ခင်းကို ကြည့်ရှုအားပေးပြီး တောင်သူများအနေဖြင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

ယင်းနောက် ကညင်ငူ ကျေးရွာ၌ နွားရေတိုက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါး ကေ ၅၀၀ စိုက်ပျိုးမှုနှင့် ရေပိုရေလျှံများဖြင့် စိုက်ပျိုးသည့် ကေ ၂၀၀ ခန့်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တောင်သူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လျှပ်စစ်မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက် နိုင်ခဲ့သည့်အတွက် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း၊ နွားရေတိုက်လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေရရှိပြီးဖြစ်၍ တောင်သူများက မိုးစပါး၊ နွေစပါး လျာထားကေများ ပြည့်မီစွာစိုက်ပျိုးရန်လိုကြောင်း၊ တိုင်းဒေသကြီးမှ ထွက်ရှိသည့် အရည်အသွေးကောင်းမွန်သည့် ပေါ်ဆန်းမွှေးကို Brand တစ်ခုအဖြစ် ရပ်တည်နိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများကိုလည်း လျာထားစိုက်ကေများ ပြည့်မီအောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဆိုလာအချပ် ၃၆၀ ဖြင့် နွားရေတိုက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း (198KW) ဆိုလာ တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကညင်ငူကျေးရွာ ကမ်းပြိုကာကွယ်ရေး ဘိုးပိုင်အခြေပြုကျောက်စီတမံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ချင်းကုန်း-ချောင်းဖျား- ငါးပိဆိပ်လမ်း ကွန်ကရစ်လမ်းသစ်နှင့် ရေကြည်မြို့နယ် သရက်ပင်လှကျေးရွာ ကုန်ထုတ်လမ်း ဖွင့်ပွဲများသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## နွေစပါးစိုက် တောင်သူများအား ပသိရေလှောင်တမံမှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေ

**တောင်ငူ ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဒီဇင်ဘာ ၁၉ ရက်မှစတင်ပြီး တောင်ငူမြို့နယ် ပသိရေလှောင်တမံမှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း တောင်ငူခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

တောင်ငူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးအနေဖြင့် နွေစပါးအချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ်ပသိရေလှောင်တမံမှ ဆည်ရေများကို ရေလွှဲဆည်၊ တူးမြောင်းမကြီးနှင့် လက်တံမြောင်းတို့မှတစ်ဆင့် ဖြန့်ဝေဆောင်ရွက်ပေးရာ တောင်သူများ စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ အဆင်ပြေလျက်ရှိသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ပသိရေလှောင်တမံမှ ဆည်ရေဖြင့် တောင်ငူမြို့နယ် နွေစပါး ၁၅၁၁ ကေ လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)



## ဒေါပုံမြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း အရှိန်မြှင့်တင်နိုင်ရန် အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စွာ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အဆင့်အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထူးထက်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးမျိုးခိုင်က ကာကွယ်ဆေးထိုးလုပ်ငန်းများ ပိုမိုအရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကိုပြသပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ချစ်စုဝေ(ပြန်/ဆက်)

### အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်အပါအဝင် မြို့နယ် ၁၂ မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ မြို့နယ်ခန်းမများ၊ ပြည်သူ့ဆေးရုံများ၊ ဈေးများနှင့် လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

■ *ကျောဖုံးမှ*

Visakhapatnam မြို့သို့ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့သည်။

နိုင်ငံတကာစစ်ရေယာဉ်များ တွေ့ဆုံပွဲ (IFR–2026) အခမ်းအနားသို့ အိန္ဒိယသမ္မတ ဒရူပါဒီမာမူ (Droupadi Murmu) တက်ရောက်ခဲ့ပြီး မြန်မာ့တပ်မတော်(ရေ)မှ အဖွဲ့ခေါင်းဆောင်အဖြစ် စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။ အခမ်းအနားသို့ နိုင်ငံပေါင်း ၇၄ နိုင်ငံမှ အဆင့်မြင့်ရေတပ်အရာရှိကြီးများ၊ နိုင်ငံတကာရေတပ်များ၊ ဒေသတွင်းရေတပ်များနှင့် အိမ်နီးချင်းရေတပ်များမှ စစ်ရေယာဉ်များ စုပေါင်းတက်ရောက်ကြသည်။ အဆိုပါအခမ်းအနားများနှင့် တစ်ဆက်တစ်စပ်တည်း ပြုလုပ်သည့် အိန္ဒိယသမုဒ္ဒရာရေတပ်ဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ဂိုအာပင်လယ် ရေကြောင်းဆိုင်ရာ သီးသန့်ဆွေးနွေးပွဲများသို့လည်း တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ ပါဝင်တက်ရောက်သည်။

ဖရီဂိတ် စစ်ရေယာဉ် (အောင်ဇေယျ) သည် ဖေဖော်ဝါရီ ၁၈ ရက်တွင်ပြုလုပ်သော နိုင်ငံတကာ စစ်ရေယာဉ်များတွေ့ဆုံပွဲ (IFR–2026)တွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်သော နိုင်ငံပေါင်းစုံ ရေတပ်လေ့ကျင့်ခန်း (MILAN–2026) ၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်း၊ ဆိပ်ကမ်းအခြေပြုစဉ် International Maritime Seminar သို့ နိုင်ငံပေါင်း ၇၄ နိုင်ငံနှင့်အတူ တက်ရောက်ခြင်း၊ စစ်ရေယာဉ်များပေါ်သို့ အပြန်အလှန်လေ့လာလည်ပတ်ခြင်း၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း၊ ရေအောက်နစ်မြုပ်မှု ရှာဖွေရေး ရေယာဉ်စနစ် သရုပ်ပြမှုအား သွားရောက်လေ့လာခြင်း၊ မြို့တွင်းလေ့လာရေး ခရီးသွားရောက်ခြင်း၊ နိုင်ငံတကာတပ်ဖွဲ့ဝင်များနှင့်အတူ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အရာရှိငယ်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်း၊ ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ၌ ပါဝင်ဆင်နွှဲခြင်း၊ Agra မြို့နှင့် ဗုဒ္ဓဂါယာသို့ သွားရောက်ဖူးမြော်လေ့လာခြင်း၊ ညစာစားပွဲအခမ်းအနားတွင် ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ကပြဖျော်ဖြေရာတွင် ပါဝင်ဆင်နွှဲခြင်းများဆောင်ရွက်ခဲ့ကြပြီး နိုင်ငံတကာစစ်ရေယာဉ်များနှင့်ပူးပေါင်း၍ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့်ခဲ့ကြသည်။



နိုင်ငံတကာစစ်ရေယာဉ်များ တွေ့ဆုံပွဲ (IFR–2026) နှင့် နိုင်ငံပေါင်းစုံ ရေတပ်လေ့ကျင့်ခန်း (MILAN–2026) သို့ တက်ရောက်ခဲ့သည့် စစ်ရေယာဉ်(အောင်ဇေယျ) ၏ ရန်ကုန် – အိန္ဒိယ – ရန်ကုန် ခရီးစဉ်နှင့် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်းများတွင် မောင်းနှင်ခဲ့သည့် စုစုပေါင်းရေမိုင်မှာ ၂၃၇၇ ဒသမ ၄ မိုင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၂၈ – ၂ – ၂၀၂၆ ရက် **(စနေနေ့)တွင် ထွက်ရှိသည့် ရွှေသွေးဂျာနယ် အတွဲ(၅၈)၊ အမှတ် (၉) တွင်** ဗေဒင်ယတြာကို ယုံကြည်လွန်းသောကြောင့် ယတြာချေရာ၌ ဒုက္ခများနှင့် ကြုံတွေ့ခဲ့ရသော မောင်ရိုးအကြောင်းကို သရုပ်ဖော်ထားသည့် "ယတြာထဲက မောင်ရိုး" မျက်နှာဖုံးကာတွန်း၊ တပေါင်းလ၏ ထူးခြားမှုအပေါင်းနှင့် သာယာလှပပုံတို့ကို ရေးသားထားသည့် "တပေါင်းသာခေါင်လများနောင်" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ Vape စီးကရက်သောက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ကျန်းမာရေးဆိုးကျိုးများအကြောင်းကို သရုပ်ဖော်ထားသည့် "မြဂျိုး – မစမ်းသပ်သင့်သောအရာ" နှစ်မျက်နှာကာတွန်း၊ ဖြတ်ထိုးဉာဏ်ကောင်းသော ယုန်ကလေး၏ကြိုးပမ်းမှုကြောင့် ဆင်များ၏ အန္တရာယ်မှ ကင်းလွတ်သွားခဲ့သော ယုန်များအကြောင်းကို ရေးသားထားသည့် "ဉာဏ်ကောင်းသော ယုန်ကလေး" ပုံပြင်၊ မိမိနှင့် မတော်တော့သော အဝတ်တို့ကိုဖြစ်စေ၊ မိမိ မဝတ်တော့သော အဝတ်တို့ကို အခြားသူများကိုပေးရာ၌ သေသေချာချာ လျှော်ဖွပ်ကာ ပုံးများဖြင့် စနစ်တကျပေးသင့်ကြောင်း ရေးသားထားသည့် "အဝတ်ဟောင်းလေးများ" ဝတ္ထု၊ မိမိ၏ မိသားစုနှင့် မိမိ၏ အိမ်ပတ်ဝန်းကျင်သည်သာ အလုံခြုံဆုံးသောနေရာဖြစ်ကြောင်းကို သရုပ်ဖော်ထားသည့် "သက်ကြီးစကား" နှစ်မျက်နှာကာတွန်း၊ မိဘကျေးဇူးကိုဆပ်သည့်အပြင် အမျိုးတူကျေးများကိုပါ ကူညီစောင့်ရှောက်ခဲ့သောကြောင့် သလေးစပါးနှံများကို သယ်ယူခွင့်ရသွားခဲ့သော ဘုရားလောင်းကျေးမင်းအကြောင်းကို သရုပ်ဖော်ထားသည့် "မိဘကျေးဇူး မမေ့ကောင်း" နှစ်မျက်နှာကာတွန်း၊ အီဒီယမ်များအပြင် Two–word Verb ဟုခေါ်သော Phrasal Verb များအကြောင်းကို နမူနာစာကြောင်းများဖြင့် လေ့လာမှတ်သားနိုင်မည့် အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဆေးရောင်လှလှခြယ်ကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင် ၄၀၀ ကျပ်ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

**သတင်းစဉ်**

---

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အမေရိကန်နှင့်အစ္စရေးတို့က အီရန်ကို စတင်တိုက်ခိုက်

## အရှေ့အလယ်ပိုင်းရှိ အမေရိကန်စခန်းများကို အီရန်တုံ့ပြန်ပစ်ခတ်




**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အစ္စရေးနိုင်ငံအပေါ် ခြိမ်းခြောက်မှုကိုဖယ်ရှားရန် အတွက် အီရန်ကို လက်ဦးမှုယူကာ တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ပြောသည်။

တိုက်ခိုက်မှုစတင်ပြီးနောက် အစ္စရေးကာကွယ်ရေးဝန်ကြီး အစ္စရေးကတ်ဇ်က အထူးအရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့သည်။

အမေရိကန်တပ်ဖွဲ့သည် ကြီးမားသည့် စစ်ဆင်ရေးကိုပြုလုပ်နေသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ဆိုရှယ်မီဒီယာ ပလက်ဖောင်းဖြစ်သည့် Truth Social တွင် ပြောကြားခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရန် ဒုံးကျည်များနှင့် ၎င်းတို့၏ ဒုံးကျည်လုပ်ငန်းများကို ဖျက်ဆီးရန်ကြီးမားသည့် တိုက်ခိုက်မှုကြီးလုပ်ဆောင်လျက်ရှိကြောင်း သမ္မတဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ပြောကြားခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကလည်း အီရန်ကြောင့်ဖြစ်ပေါ်လာမည့် ခြိမ်းခြောက်မှုကိုဖယ်ရှားရန် အစ္စရေးနှင့်အမေရိကန်တို့သည် စစ်ဆင်ရေးတစ်ရပ် စတင်လုပ်ဆောင်ခဲ့ကြောင်း ဗီဒီယိုတစ်ခုတွင် ထုတ်ပြန်ခဲ့သည်။ အီရန်နိုင်ငံကို နျူကလီးယားလက်နက်ပိုင်ဆိုင်ခွင့် မပြုဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အီရန်နိုင်ငံ၏ အစ္စလာမ့်စ်တော်လှန်ရေး အစောင့်တပ်ကလည်း အီရန်နိုင်ငံသည် အစ္စရေးသို့ ဦးတည်ကာ ဒုံးကျည်တိုက်ခိုက်မှု၊ ဒရုန်းတိုက်ခိုက်မှုများဖြင့် ပြန်လည်တိုက်ခိုက်မှု စတင်လိုက်ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ အီရန်ဘက်မှ အစ္စရေးသို့ဦးတည်ကာ ဒုံးကျည်အများအပြား ပစ်လွှတ်လိုက်ကြောင်းလည်း အစ္စရေးက ပြောသည်။

အရှေ့အလယ်ပိုင်းဒေသမှ ကူဝိတ်၊ ယူအေအီး၊ ကာတာနှင့် ဘာရိန်းနိုင်ငံတို့ရှိ အမေရိကန် အခြေစိုက်စခန်းများရှိရာ နေရာများသို့ ပစ်မှတ်ထား၍ ဒုံးကျည်များဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာတွင် ဖေဖော်ဝါရီ ၂၈ ရက်က ဖော်ပြထားသည်။ ဒေသတွင်းရှိ အမေရိကန်အခြေစိုက်စခန်းများကို ယခုအခါ အီရန်၏ တရားဝင်ပစ်မှတ်များအဖြစ် သတ်မှတ်ထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်စ် အာရက်ဂ်ချီက ပြောသည်။ ဘာရိန်းနိုင်ငံရှိ အမေရိကန် ပဉ္စမရေယာဉ်စု၏ ဝန်ဆောင်မှုစင်တာကို ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရကြောင်း ဘာရိန်းအမျိုးသားဆက်သွယ်ရေးစင်တာက ပြောသည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

# တရုတ်နှစ်သစ်ကူးအားလပ်ရက်အတွင်း ထိုင်းနိုင်ငံ၏ လေကြောင်းပျံသန်းပြေးဆွဲမှု စံချိန်တင်မြင့်တက်

**ဘန်ကောက် ဖေဖော်ဝါရီ ၂၈**

ထိုင်းနိုင်ငံ၏ လေကြောင်းကဏ္ဍသည် ယခုနှစ် တရုတ်နှစ်သစ်ကူး ပွဲတော်အားလပ်ရက် ကာလအတွင်း သိသာထင်ရှားစွာ မြင့်တက်လာခဲ့ပြီး နိုင်ငံတကာ ခရီးသွားဧည့်သည် ဝင်ရောက်မှု၊ လေကြောင်းခရီးစဉ်ပျံသန်းမှုများနှင့် ကုန်စည်ပို့ဆောင်မှုအားလုံးမှာ ကိုဗစ်ကပ်ရောဂါမတိုင်မီကာလက ကိန်းဂဏန်းအချက်အလက်များထက် ကျော်လွန်ခဲ့ကြောင်း ဖေဖော်ဝါရီ ၂၇ ရက်က ဖော်ပြထားသော တရားဝင်အချက်အလက်များအရ သိရသည်။

ထိုင်းနိုင်ငံ အရပ်ဘက်လေကြောင်းအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၂ ရက်အထိ တရုတ်နှစ်သစ်ကူးခရီးသွားလာမှုကာလအတွင်း ခရီးသွားဧည့်သည် စုစုပေါင်း ၄၈၈၉၃၂ ဦးရှိခဲ့ပြီး ၂၀၁၉ ခုနှစ် အလားတူကာလကထက်ခရီးသွားဧည့်သည် ၁၇၀၀၀၀ ကျော် ပိုမိုများပြားလာခဲ့ကြောင်းနှင့် ယမန်နှစ်ကထက်လည်း သိသာထင်ရှားစွာ မြင့်တက်လာခဲ့ကြောင်း သိရသည်။



စုစုပေါင်း လေကြောင်းခရီးစဉ်ပျံသန်းပြေးဆွဲမှု အရေအတွက်မှာ ၂၈၃၄၀ ရှိခဲ့ပြီး ယင်းအရေအတွက်မှာ ကိုဗစ်ကပ်ရောဂါ မတိုင်မီကာလနှင့် ပြီးခဲ့သည့်နှစ်က အခြေအနေနှစ်ခုစလုံးထက် ပိုမိုသာလွန်မှုရှိခဲ့သည်ဟုလည်း ဖော်ပြထားသည်။ လေကြောင်းကုန်စည်ပို့ဆောင်မှုမှာလည်း မြင့်တက်ခဲ့ပြီး ကုန်စည်တန်ချိန် ၄၂၂၈၀ အထိ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူပေါင်း ၆၈ ဦးရှိလာ

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၈**

ဘရာဇီးနိုင်ငံအနောက်တောင်ပိုင်း မီနက်စ်ဂျရေ့စ် ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူပေါင်း ၆၈ ဦးအထိ ရှိလာကြောင်း ဒေသတွင်းအာဏာပိုင်များက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

ဘရာဇီးနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူအားလုံးအနက် ဂျူအီဒက်ဖော်ရာမြို့၌ သေဆုံးသူ ၆၂ ဦးရှိကြောင်း၊ အူဘာမြို့၌ သေဆုံးသူ ခြောက်ဦးရှိကြောင်း၊ သေဆုံးသူများထဲတွင် အပျက်အစီးများအောက်၌ တွေ့ရှိသည့် သေဆုံးသူများ ပါဝင်ပြီး အချို့မှာ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သော်လည်း ၎င်းတို့၏ ဒဏ်ရာပြင်းထန်မှုကြောင့် ဆေးရုံတွင် သေဆုံးသွားကြောင်း အာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

ဂျူအီဒက်ဖော်ရာမြို့၌ ပျောက်ဆုံးနေသူ သုံးဦးရှိပြီး အူဘာမြို့၌လည်း နှစ်ဦးပျောက်ဆုံးနေကြောင်း သိရသည်။ ပြိုကျနေသည့် နေအိမ်များ၌ ဖြစ်နိုင်ခြေရှိသည့်အသက်ရှင်သူများကို ရှာဖွေရန် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ပါကစ္စတန်က အာဖဂန်နစ္စတန်နိုင်ငံကို လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၈**

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့၏ လက်နက်ကိုင်ပဋိပက္ခများမှာ ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းအထိ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ယင်းလက်နက်ကိုင် ပဋိပက္ခကြောင့် နှစ်ဖက်ထိခိုက် သေဆုံးသူပေါင်း ၃၂၀ ကျော်လွန်လာပြီဖြစ်ကြောင်း ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

နယ်စပ်တစ်လျှောက် အစွန်းရောက် အကြမ်းဖက်အဖွဲ့၏ လှုပ်ရှားမှုများကို ကိုင်တွယ်ဖြေရှင်းမှုနှင့်ပတ်သက်ပြီး တင်းမာမှုများ မြင့်တက်လာရာမှ ဖေဖော်ဝါရီ ၂၆ ရက်တွင် နှစ်နိုင်ငံကြား လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပါကစ္စတန်စစ်ဘက်က အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူးလ်နှင့် အခြားနေရာများကို ဗုံးကြဲတိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်။

ပါကစ္စတန်လုံခြုံရေး အာဏာပိုင်အဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်ရှိ စစ်ဘက်ဆိုင်ရာ အဆောက်အအုံကို ပစ်မှတ်ထားကာ ဖေဖော်ဝါရီ ၂၇ ရက် ညပိုင်းက လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်။ အာဖဂန်နစ္စတန် ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက စစ်ရေးပဋိပက္ခ ဖြစ်ပွားမှုတွင် ပါကစ္စတန်နိုင်ငံ၌ တာဝန်ရှိကြောင်း သတင်းထောက်များကို ပြောကြားသည်။

ထို့ပြင် အာဖဂန်နစ္စတန် အစိုးရသည် တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် အငြင်းပွားမှုများကို ဖြေရှင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ပြောကြားသည်။ တရုတ်၊ ရုရှားနှင့် တူကီယဲနိုင်ငံတို့က ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့်ပတ်သက်ပြီး သဘောတူညီမှု ရယူရန် နှစ်နိုင်ငံစလုံးကို တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**



# ပြည်ပပို့ကုန်အပြင် ပြည်တွင်းဝယ်လိုအားကောင်းမွန်မှုကြောင့် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ စီးပွားရေးတိုးတက်

**ဘန်ကောက် ဖေဖော်ဝါရီ ၂၈**

၂၀၂၆ ဇန်နဝါရီလအတွင်း ပြည်တွင်းဝယ်လိုအား ကောင်းမွန်မှုအပြင် ပြည်ပပို့ကုန်များ မြင့်တက်လာခြင်းနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးမှုများကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးအပေါင်းလက္ခဏာ ဆောင်လာခဲ့ကြောင်း ထိုင်းဗဟိုဘဏ်က ဖေဖော်ဝါရီ ၂၇ ရက်တွင် ထုတ်ပြန်သည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည့် အီလက်ထရွန်နစ် ပို့ကုန်ပစ္စည်းများ အထူးသဖြင့် ကွန်ပျူတာအစိတ်အပိုင်းများနှင့် ဆက်သွယ်ရေးကိရိယာများကို ဝယ်လိုအား ဆက်လက်တိုးတက်လာမှုကြောင့် ဇန်နဝါရီလတွင် ယခင်လကထက် ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု ထိုင်းဗဟိုဘဏ်၏ အဆိုအရ သိရသည်။

ပြည်ဝင်ခရီးသွားဧည့်သည်များနှင့် ခရီးသွားလုပ်ငန်းမှရရှိသည့် ဝင်ငွေမှာလည်း ယခင်လကထက် တိုးလာခဲ့ပြီး အဓိကအားဖြင့် ခရီးတိုဈေးကွက်များ ပြန်လည်သွက်လက်လာခြင်းကြောင့်ဖြစ်ကာ ခရီးဝေးဈေးကွက်များလည်း ကောင်းမွန်လာခဲ့ကြောင်း နိုင်ငံတော်ဗဟိုဘဏ်၏ အကြီးတန်း ဒါရိုက်တာ ပရာနီဆူသာဆရီက ပြောကြားသည်။

တစ်ဖက်တွင်လည်း အစိုးရ၏ EV 3.0 အားပေးကူညီမှု အစီအစဉ် မကုန်ဆုံးမီဝယ်ယူမှုများ အရှိန်အဟုန်မြင့်လာခြင်းကြောင့် လျှပ်စစ်မော်တော်ယာဉ် (EV) အရောင်းပမာဏ သိသိသာသာ တိုးတက်လာသဖြင့် တာရှည်ခံ ကုန်ပစ္စည်းဝယ်လိုအားမှာ ဆက်လက်တိုးတက်နေကြောင်း ပရာနီက ဖြည့်စွက်ပြောကြားသည်။

ဆင်ဟွာ

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း (၁၆-၂-၂၀၂၆ ရက်နေ့မှ ၂၈-၂-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL– 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer– 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များ အသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဇဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ခံနိုင်ရည်နည်းပါးသော သူများအတွက်သာ | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | – | ကောင်းမွန် | | | – |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ခံနိုင်ရည်နည်းပါးသော သူများအတွက်သာ | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ခံနိုင်ရည်နည်းပါးသော သူများအတွက်သာ | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | – | – | ကောင်းမွန် | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | လက်ခံနိုင်သော | |
| ၁၀ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | ခံနိုင်ရည် နည်းပါးသော သူများအတွက်သာ | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | ကျိုင်းတုံမြို့ | ခံနိုင်ရည် နည်းပါးသော သူများအတွက်သာ | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ခံနိုင်ရည် နည်းပါးသော သူများအတွက်သာ | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထု အရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## မိုင်းဆတ်မြို့၌ လေပြင်းဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး နေအိမ်များအားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိုင်းဆတ် ဖေဖော်ဝါရီ ၂၈

မိုင်းဆတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လာမည့် မတ်၊ ဧပြီနှင့် မေလများတွင် ဖြစ်ပွားတတ်သည့် လေပြင်းဘေးအန္တရာယ်ခံစားရလေ့ရှိသော ကျေးရွာများမှ ပြည်သူများ၏ နေအိမ်များ ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရန်နှင့် လေပြင်းဘေးအန္တရာယ်ခံနိုင်ရည်ရှိသော အဆောက်အအုံများဖြစ်လာစေရန် နေအိမ်များအား ကြိုတင်အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်နိုင်ရန်အတွက် တစ်အိမ်လျှင် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် အိမ်ခြေ ၃၀၀ အတွက် စုစုပေါင်းငွေကျပ်သိန်း ၂၁၀ ကို ပံ့ပိုးပေးထားရာ အဆိုပါနေအိမ်များ အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအားလွန်၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာရွှေနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

## နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုး လယ်ဝေးမြို့နယ်၌ နွေစပါး မျိုးစေ့ချစိုက်ပျိုးခြင်း ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ကံသာကျေးရွာဓမ္မာရုံ၌ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အဆင့်မြင့်အပ်ချုပ်စက် သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ထူးချွန်ဆုရရှိသည့် သင်တန်းသူနှစ်ဦးအား အပ်ချုပ်စက်ချီးမြှင့်ပေးအပ်၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါ သင်တန်းသို့ ကျေးရွာ လေးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြသည်။



ထို့နောက် လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာ ကွင်းအမှတ် ၁၈၀၂ က၊ တောင်သူဦးကျော်စွာလင်း၏ လယ်မြေ ၅ ဒသမ ၅ ဧကတွင် ၁၀ တန်းသွား မျိုးစေ့ချစက်(ဆီဒါ) ဖြင့် နှံကောက်မျိုး နွေစပါးစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှု၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ လယ်ဝေးမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးရန်အတွက် ၁၆၀၄၅ ဧက လျာထားကာ ၂၄၁ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် နဝဒေး(၄) တစ်သျှူးကြံမျိုး ကွင်းဆင်းသရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နေပြည်တော် ပျဉ်းမနားမြို့နယ် ကြံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၌ ကြံစိုက်တောင်သူများအား ကြံစိုက်ပျိုးနည်းပညာများနှင့် တစ်သျှူးမျိုးသန့်ပွားများရေး နည်းပညာပေးသရုပ်ပြပွဲနှင့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါခြံ၌ ကျင်းပသည်။

အဆိုပါ သရုပ်ပြဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးပေးသောတစ်သျှူးနည်းဖြင့် မျိုးပွားထားသော အထွက်ကောင်းကြံမျိုး နဝဒေး(၄) ကို ပြောင်းလဲစိုက်ပျိုး၍ ဗီဇမှန်ကန်သည့် မျိုးများဖြစ်သောကြောင့် အထွက်နှုန်းတိုးတက်ကောင်းမွန်၍ ရောဂါကင်းစင်သော မျိုးကောင်းမျိုးသန့်များ ရရှိပွားများလာမည်ဖြစ်ကြောင်း သကြားထွက်သီးနှံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးက ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိုးနှင့် ခြံတာဝန်ခံ ဒေါက်တာအိအိခိုင်တို့က ကြံစိုက်စက်ဖြင့် နှစ်တန်းသွားစိုက်ပျိုးထားသော တစ်သျှူးကြံမျိုးများအား လက်တွေ့ကွင်းသရုပ်ပြဆွေးနွေးသည်။ အဆိုပါ ဆွေးနွေးပွဲသို့ အကျိုးဆောင်တောင်သူ ဦးကြည်အပါအဝင် ကြံစိုက်တောင်သူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းကိုင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**လွိုင်လင် ဖေဖော်ဝါရီ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် လုံစံ-ပြန်ဆာ-ဝမ်ကပ်(ဟိုခဲ) ကျေးရွာချင်းဆက်လမ်း ခြောက်မိုင်သုံးဖာလုံ မြေလမ်းတာချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ လမ်းလုပ်ငန်းဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ခရိုင်အတွင်းရှိ ကျေးရွာ ငါးရွာမှ အိမ်ခြေ ၂၇၁ အိမ်၊ လူဦးရေ ၁၂၇၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

**သတင်းစဉ်**



## လှည်းကူးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေး



**လှည်းကူး ဖေဖော်ဝါရီ ၂၈**

လှည်းကူးမြို့နယ် စိုင်ဒီကုန်းကျေးရွာ၌ ကျေးရွာနေပြည်သူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) မှ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာစိုးနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်က မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် Fire Hotspots များဖြစ်နိုင်သည့် တောမီးရှို့ခြင်း၊ လယ်ယာများ မီးရှို့ခြင်းများမပြုလုပ်ရန် စသည်ဖြင့် အသီးသီးဟောပြောကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လွိုင်လင်မြို့နယ်၌ လေပြင်းဒဏ်ခံနိုင်ရေးအတွက် နေအိမ်မွမ်းမံပြင်ဆင်မှု ထောက်ပံ့ငွေပေးအပ်

**လွိုင်လင် ဖေဖော်ဝါရီ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လွိုင်လင်ခရိုင်ရုံးမှ လွိုင်လင်မြို့နယ်၌ လေပြင်းဒဏ်ခံနိုင်ရေး နေအိမ်များ အားဖြည့်မွမ်းမံပြင်ဆင်ရေးအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌဦးသိန်းထွဋ်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာရွှေ က ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူးက မြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ နေအိမ် အလုံး ၃၀၀ အတွက် ထောက်ပံ့ငွေကျပ် ၂၁၀၀၀၀၀၀ ကို ပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းထွဋ်က လက်ခံရယူသည်။

**လွိုင်လင်မိုး**



သထုံမြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲညွန့်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေး၊ သုဝဏ္ဏဈေးနှင့် သုဝဏ္ဏဝတီမြို့ရှိ မြို့မဈေးတို့၌ မီးဘေးအန္တရာယ်သတိပြုကာကွယ်ကြရန် ဖေဖော်ဝါရီ ၂၈ ရက်က အသိပညာဖြန့်ဝေပေးစဉ်။ ခရိုင်(ပြန်/ဆက်)



တံတားဦးမြို့နယ် တံတားဦးမြို့မဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၂၇ ရက်က ပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြစဉ်။

မြို့နယ်(ပြန်/ဆက်)



ဖျာပုံခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦးနှင့် ဘိုကလေးမြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းအောင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ဘိုကလေးမြို့မဈေးအတွင်း ဖေဖော်ဝါရီ ၂၈ ရက်က မီးဘေးအန္တရာယ်ကာကွယ်ရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။ မိုးစက်(ဘိုကလေး)



မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေးနှင့် မြနန္ဒာဈေးတို့တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစည်သူမျိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၈ ရက်က မီးဘေးအသိပညာပေး၍ မီးငြိမ်းသတ်သရုပ်ပြသစဉ်။ သက်လွင်စိုး(ပြန်/ဆက်)



# ပူတာအိုလေဆိပ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးတားလမ်းဆောင်ရွက်

**ပူတာအို ဖေဖော်ဝါရီ ၂၈**

ကချင်ပြည်နယ် ပူတာအိုမြို့၌ ယခုအခါ နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် တောမီးလောင်ခြင်း၊ ရှို့မီးများအား တားဆီးကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့အတွက် မီးတားလမ်းပူးပေါင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်း အရှေ့ဘက်၌ ဆောင်ရွက်သည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၅၀ တို့က လေယာဉ်ပြေးလမ်း အရှေ့ဘက် မီးတားလမ်းပေ ၆၀ အတွင်းရှိ ကိုင်းတောများ၊ မြက်ပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့်ခုတ်ထွင်ရှင်းလင်းထားသည့် အမှိုက်သရိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှိုက်သိမ်းကားဖြင့် စနစ်တကျသယ်ယူစွန့်ပစ်ခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ပူတာအိုလေဆိပ် လေယာဉ်ပြေးလမ်းအရှေ့ဘက် မီးတားလမ်း ပူးပေါင်းဆောင်ရွက်ရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ကျိုက်မရောမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦး ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်က အုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၌ သရုပ်ပြသစဉ်။ ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)





တောင်ငူခရိုင်အထွေထွေရောဂါကု ပြည်သူ့ဆေးရုံသို့ ဖေဖော်ဝါရီ ၂၈ ရက်တွင် သတင်းစာဆရာ ဦးကျော်လှ(သမာဓိ) မိသားစုက ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ ကျန်းမာရေးသုံးပစ္စည်းများ လှူဒါန်းရာ အလှူရှင်က လှူဒါန်းရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားစဉ်။ ဇော်ကိုကို(တောင်ငူ)

မော်လမြိုင်ကျွန်းမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့မဈေး၊ အောင်သာယာဈေး၊ ဆိပ်ကမ်းသာဈေးနှင့် ဗိုလ်ချုပ်ဈေးတို့တွင် ကွင်းဆင်းစစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်ထွေးနှင့် ပူးပေါင်းအဖွဲ့ ကွင်းဆင်းဆောင်ရွက်စဉ်။ ရဲကိုမောင် (ပြန်/ဆက်)



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန်ပြင်ဆင်ခြင်း ရှိမရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးအခြေခံ ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရေး ဆွေးနွေး

**တပ်ကုန်း ဖေဖော်ဝါရီ ၂၈**




နေပြည်တော်ကောင်စီဝင် ဦးဖေယျာလင်းသည် နေပြည်တော် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲမြင့်ကျော်၊ တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေး အခြေခံသည့် ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေး ဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်က တပ်ကုန်းမြို့နယ်အတွင်း အထင်ကရနေရာများကို စိုက်ပျိုးရေးအခြေခံသည့် ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး၊ ဒေသထွက်အစားအစာများ၊ လူသုံးကုန်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လက်မှုလုပ်ပစ္စည်းများ အမှတ်တရပစ္စည်းအဖြစ် ဝယ်ယူနိုင်ရေး၊ စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ ကြည့်ရှုလေ့လာနိုင်ရေး ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ဆိုလာစနစ်အသုံးပြု သုံးဘီးဆိုင်ကယ်နှင့် ပတ်သက်သည့် အကြောင်းအရာများကို လည်းကောင်း၊ စိုက်ပျိုးရေးအခြေခံသည့် ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဝင်က တင်ပြမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးမြေလျှင် လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် မြို့နယ်ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး အသစ်ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **တင်စိုးလွင်**

## ငါန်းဇွန်မြို့နယ်၌ ဆောင်းသီးနှံ ကုလားပဲများရိတ်သိမ်း

**ငါန်းဇွန် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ ဆောင်းရာသီစိုက်ပျိုးထားသော ကုလားပဲများကို ရိတ်သိမ်းလျက်ရှိပြီး ကုလားပဲဈေးများ ဈေးကောင်းရလျက်ရှိရာ ကုလားပဲစိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

ငါန်းဇွန်မြို့နယ်၌ ကုလားပဲစိုက်ဧက ၄၃၁၂ ဧကရှိပြီး ယခုနှစ်အတွက် ကုလားပဲအထွက်နှုန်း တင်း ၃၈၅၀ ထွက်ရှိရန် လျာထားရာ လျာထားဧကထက် ကျော်လွန်နိုင်ကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**



## ချောင်းဦးမြို့၌ မိုးကြိုချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေးဆွေးနွေး

**ချောင်းဦး ဖေဖော်ဝါရီ ၂၈**



စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ဖေဖော်ဝါရီ ၂၆ ရက်က ၂၀၂၆-၂၀၂၇ မိုးကြိုဝါ စိုက်ပျိုးရာသီ မိုးကြိုချည်မျှင်ရှည်ဝါ စိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေး တောင်သူ ဆွေးနွေးပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက တောင်သူနည်းပညာပေး ဆွေးနွေးပွဲ ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်စီမံကိန်း ဦးစီးမှူးနှင့် သက်ဆိုင်ရာ မြေ၊ မျိုး၊ ပိုး တာဝန်ခံများက မိုးကြိုချည်မျှင်ရှည်ဝါ အထွက်နှုန်း တိုးတက်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် တောင်သူများအား ဝါမျိုးကောင်း မျိုးသန့်မျိုးစေ့များ အခမဲ့ပေးအပ်ခဲ့ပြီး မြေချဉ်၊ ငန် တိုင်းတာမှုကို ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာခိုင်က လက်တွေ့သရုပ် ပြသခဲ့သည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

ချမ်းမြသာစည်မြို့နယ်၌ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၏ ညွှန်ကြားမှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်းနှင့် တပ်ဖွဲ့ဝင်များက တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့်ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၆ ရက်က အခြေခံပညာ အထက်တန်းကျောင်းများ၌ ဆောင်ရွက်စဉ်။ အလင်းသစ်(ချမ်း/စည်)



## ဘားအံမြို့နယ်၌ သမဝါယမကဏ္ဍမှ ဆောင်းဆီထွက်သီးနှံ(မြေပဲ) နုတ်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

**ဘားအံ ဖေဖော်ဝါရီ ၂၈**



ကော့ကျိုက်ကျေးရွာရှိ ကော့ကျိုက် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက အသင်းအချင်းချင်းပံ့ပိုးငွေဖြင့် မျိုးနှင့်သွင်းအားစုများ ပံ့ပိုး၍ စိုက်ပျိုးထားသည့် မြေပဲစိုက်အသင်းသား တောင်သူ ၃၄ ဦး၏ စိုက်ဧက ၁၅၀ စိုက်ပျိုးထားသော ဆောင်းဆီထွက်သီးနှံ(မြေပဲ) စိုက်ခင်းများသို့ ကရင်ပြည်နယ် သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီလ တတိယပတ်က ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်ဦးစီးမှူးက ဆောင်းမြေပဲစိုက်အသင်းသား တောင်သူများနှင့်တွေ့ဆုံကာ မြေပဲများ နုတ်သိမ်းချိန်တွင် အလေအလွင့်မရှိစေရေး၊ မြေပဲတောင့်များ ထိခိုက်ကွဲအက်မှုမရှိစေရေးနှင့် မြေပဲတောင့်များကွဲအက်ပါက အယ်ဖ်လာအော်စင်မှိုပါဝင်နိုင်သဖြင့် စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့ပြီး တစ်ဧက မြေပဲအထွက်နှုန်း တင်း ၇၀ ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၈**

ကျောက်ဆည်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက်က အရှေ့အေးမြကြည်လင်ရပ်ကွက် အေးမြချမ်းသာဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ သဘာပတိ ဦးကြည်စိုးက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးက သမဝါယမလုပ်ငန်းများ အောင်မြင်ရေး မြို့နယ်သမဝါယမဦးစီးဌာနနှင့် အခြေခံသမဝါယမအသင်းများ ပူးပေါင်း၍ ဆောင်ရွက်ရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဘဏ္ဍာရေးစာရင်းများအကြောင်း၊ အမှုဆောင်ဒါရိုက်တာအဖွဲ့မှ အတွင်းရေးမှူး ဦးတင်ထွန်းက ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီအရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း၊ စာရင်းစစ်အစီရင်ခံစာများအကြောင်း ရှင်းလင်း ပြောကြားသည်။

**သက်မောင်(ကျောက်ဆည်)**



## အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**



အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူ ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Popular ဒဂုံ ဆိပ်ကမ်းမှ အာမခံအလုပ်သမား ဦးထက်ဝေ၏ လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်ခဲ့မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၇၅၇၅၀၀၀ ကို သေဆုံးသူ၏ ဇနီးဖြစ်သူ ဒေါ်စန္ဒာအောင်ထံ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံ၊ အလုပ်ဌာန တာဝန်ရှိသူများနှင့် WCC အဖွဲ့ဝင်များရှေ့တွင် လက်ဝယ်ပေးအပ်ကြောင်း သိရသည်။

**သန်းသန်းအေး(ပြန်/ဆက်)**

## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## ဓနုဖြူမြို့နယ်၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်မီးဖွင့်

**ဓနုဖြူ ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းစုကျေးရွာအုပ်စု တော်ကွဲကျေးရွာ၊ တော်ကွဲကျေးရွာအုပ်စု တော်ကွဲကျေးရွာနှင့် ပေါက်ကုန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးကြီးဇေယျ၊ ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် လျှပ်စစ်မီးဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်း၊ အမွှေးနံ့သာရည် ဖျန်းပက်ခြင်းတို့ကို ဆောင်ရွက်ပြီး ကျေးရွာအတွင်း မီးတပ်ဆင်ထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့နယ်၌ ကာကွယ်ဆေး ထိုးနှံ၊ တိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပေးဆွေးနွေး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၈**

ကျိုင်းတုံမြို့နယ်အတွင်း ကာကွယ်ဆေး ထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ကျိုင်းတုံခရိုင် ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အိအိဝင်းက ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပြောကြားသည်။



ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောမင်းသူနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ပြည်သူလူထုအား အသိပေးဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ယုဇနပလာဇာဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေး ဦးဆောင်မှုဖြင့် ဗိုလ်တထောင်ခရိုင် မီးသတ်ဦးစီးမှူး ဦးကိုကိုကြီး၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးတို့က အဖွဲ့ခြောက်ဖွဲ့ခွဲပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပွားစေရန် ပြည်သူများ မီးသတိမူနိုင်ရေးအတွက်နှင့် ဈေးကြီးများ မီးဘေး ကြိုတင်ကာကွယ်ရေးတို့အတွက် ဖေဖော်ဝါရီ ၂၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ ယုဇနပလာဇာဈေး၌ မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ ထိန်းသိမ်းကိုင်တွယ်ငြိမ်းသတ်နည်းစနစ်များကို အသိပညာပေးခြင်း၊ မီးသတ်ဆေးဘူး အသင့်သုံးစွဲနိုင်မှုတို့ကို လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။ **မြတ်မြတ်အေး(ပြန်/ဆက်)**



ကျောက်မဲခရိုင်မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုဦး၏ ဦးဆောင်မှုဖြင့် မီးသတ်ဝန်ထမ်းများက ကျောက်မဲမြို့နယ်အတွင်း ဖေဖော်ဝါရီ ၂၆ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလှည့်လည်နှိုးဆော်စဉ်။ ခရိုင်(ပြန်/ဆက်)





ဖြူးမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုစစ်ဆေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်နိုင်ရေး အသိပညာပေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်စိုးနှင့် ပူးပေါင်းအဖွဲ့က ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆောင်ရွက်စဉ်။ နေမျိုးလွင်(ပြန်/ဆက်)

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



## ထားဝယ်မြို့၌ ဥပဒေပညာဌာန၏သရုပ်ပြတရားရုံးဖြင့် အမှုစစ်ဆေးခြင်း အခမ်းအနားကျင်းပ

**ထားဝယ် ဖေဖော်ဝါရီ ၂၈**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ထားဝယ်တက္ကသိုလ် ဥပဒေပညာဌာန၏ သရုပ်ပြတရားရုံးဖြင့် အမှုစစ်ဆေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်တက္ကသိုလ် ပညာရိပ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက သရုပ်ပြတရားရုံးဖြင့် အမှုများ စစ်ဆေးစီရင်ခြင်း အတွေ့အကြုံများမှတစ်ဆင့် နိုင်ငံတော်၏ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သော တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ဖော်ဆောင်ရေးတို့ကို ဆောင်ရွက်သွားကြရန်နှင့် မိမိတို့ သင်ယူနေသည့် ဥပဒေဘာသာရပ်အပေါ် တန်ဖိုးထားလေ့လာ ဆည်းပူးသွားကြရန် ပြောကြားသည်။

ထို့နောက် ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးက အမှုစစ်ဆေးခြင်းအခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက သရုပ်ပြတရားရုံးဖြင့် အမှုစစ်ဆေးနေခြင်းကို လေ့လာကြည့်ရှုကာ ဥပဒေပညာဌာနမှ ပါမောက္ခဒေါက်တာဥမ္မာလင်းက ကျေးဇူးတင်စကား ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပန်းတောင်းမြို့နယ်၌ နွေစပါးလျာထားဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပန်းတောင်း ဖေဖော်ဝါရီ ၂၈**

ပန်းတောင်းမြို့နယ် ရွှေညီနောင်ကျေးရွာ၌ နွေစပါးလျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေး ယမန်နေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူများနှင့်တွေ့ဆုံကာ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။


ထိုသို့ကွင်းဆင်းရာတွင် ရွှေညီနောင်ကျေးရွာ တောင်သူများက ဧက ၆၀ အတွက် ဗီယက်နန်မျိုးစပါး လိုအပ်ချက်များ ဆွေးနွေးခဲ့ပြီး ကွင်းအမှတ်(၉၀) ဦးပိုင်အမှတ်(၃၅) နွေစပါးလျာထား ဧက ၅၀ ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးလျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**



မအူပင်မြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးချမ်းမြေ့ရာဇာ ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေး၊ မင်္ဂလာဈေး၊ အောင်ရတနာဈေး၊ ကမ်းနားလမ်းဈေးနှင့် ရေလဲကလေးကျေးရွာ ရတနာဈေးများရှိ ဆိုင်ခန်းများကို ဖေဖော်ဝါရီ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

မြန်မာရေးရာ မြန်မာရေးရာ(၃၄)
Myanmar Affairs (ဇန်နဝါရီ၊ ၂၀၂၆)
ထွက်ပြီ



"ရွေးကောက်ပွဲပြီးသည့်နောက်ဝယ် မိုးကုပ်စက်ဝိုင်းဆီသို့ မဟာဗျူဟာမြောက် မျှော်ကြည့်ခြင်း"

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မြန်မာရေးရာ အမှတ်စဉ်-၃၄ တွင်

- အေးချမ်းတည်ငြိမ်ရေးဟူသော ပဓာနရည်မှန်းချက်ကို ဖော်ဆောင်၊ ပြည်တွင်းညီညွတ်မှုကို တည်ဆောက်
- ရွေးကောက်ပွဲအလွန်တွင် မြန်မာနိုင်ငံက ကျင့်သုံးဆောင်ရွက်သင့်သည့် နိုင်ငံတော်တည်ဆောက်ရေး မဟာဗျူဟာများကို ဖော်ထုတ်ခြင်း
- ရွေးကောက်ပွဲအလွန် မြန်မာ့အပြောင်းအလဲကို လှမ်းမျှော်ကြည့်ခြင်း
- မြန်မာ့အနာဂတ် သို့မဟုတ် အမျိုးသားသရုပ်တည်ဆောက်ခြင်းနှင့် လူငယ်ကဏ္ဍ
- အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေစာချုပ်များ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၈၅၀၀)ကျပ် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အဖြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈


## ပိုးသတ်ဆေးကုန်သွယ်မှု အမည်ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Eastchem Co., Ltd. မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါပိုးသတ်ဆေးများကို ကုန်သွယ်မှု အမည် ပြောင်းလဲ၍ တင်သွင်း ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် (၄)လမ်း၊ အပိုင်း(၃)၊ မြေတိုင်း (ငမိုးရိပ်)၊မြေကွက်အမှတ်(၅၂၆)၊ အဆောက် အအုံအမှတ်(၅၂၆)၊အခန်းအမှတ်(6/B)၊ အလျား(၁၂)ပေxအနံ(၄၈)ပေ ရှိသော တိုက်ခန်း(ဒါဘာ)နှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်အေး အေးသက် ၁၃/ဆဆန(နိုင်)၀၀၂၁၁၇ကသာ လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြု၍ ၎င်းမှရောင်းချရန် ကမ်းလှမ်း လာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီရိခင် ၉/အမဇ(နိုင်) ၀၅၉၉၆၈ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ သည်။အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက် အတွင်း ခိုင်မာသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိ ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြတ်နိုးဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၀၀၀)**
**ဖုန်း-၀၉-၈၈၀၁၄၀၀၄၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ် (လလ-၁၃)၊ ဦးပိုင်အမှတ်(၈၁)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဒေါ်ကြည်ကြည်မာ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်သူထံမှ အရောင်း အဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်း ရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ဝေဝေဟန် (ဘ) ဦးလှဝေ ၉/မနမ (နိုင်) ၁၂၃၀၆၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်ဝယ်ယူပိုင် ဆိုင်ထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိ ပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်၊

**လွှဲအပ်ချက်အရ-**
**ဒေါ်ဇင်မာထွန်း ( LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၆၈)**
**တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း ၀၉-၉၇၇၃၇၄၄၈၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် (၂၀၅)၊ ၄ လွှာ (ညာဘက်)၊ (၁၂x၅၀)ပေ အကျယ်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ရေမီးအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းကြောင်းနှင့် ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်ခင်မူ၁၃/လရန(နိုင်)၀၁၂၈၀၃ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်အေးယုယုသိန်း ၁၃/လရန(နိုင်)၀၁၂၈၀၄က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေဝယ်ယူထားပြီးဖြစ် ပါသည်။ သို့ဖြစ်ပါ၍အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက် လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၅) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်သူ(LL.B.,LL.M.) အထက်တန်းရှေ့နေ(စဉ်-၅၅၂၂၇)**
**အမှတ်(၅၄/၅၆)၊ မာလာမြိုင်(၅)လမ်း၊ (၁၆)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၅၈၀၀၂၈၅၈**

## ပျောက်ဆုံးကြောင်း

(ဘ)ဦးထွန်းအေး၏သား ဦးမောင်မောင်သွင် လက်ဝယ်အသုံးပြုပိုင်ဆိုင်လျက်ရှိသော 7K-5627 (HONDA INSIGHT ZE2)ယာဉ်၏ ဖောင်းကြွနံပါတ်ပြားသည် ၂၄-၂-၂၀၂၆ ရက် ညပိုင်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးကြပါရန် ကြေညာအပ်ပါသည်။ **ဦးမောင်မောင်သွင်**

**ဖုန်း-၀၉-၄၂၁၀၀၇၈၀၆**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ အထက (မင်းကွက်) Grade-5မှ မောင်ကောင်းကောင်းဦး၏ ဖခင်အမည်မှန်မှာ ဦးဆန်းညွှန့်ဦး ၇/ပတတ(နိုင်) ၀၇၅၄၁၆ ဖြစ်ပါကြောင်း။

**ဦးဆန်းညွှန့်ဦး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ )
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၃

**ကွယ်လွန်သူ ဦးလှမောင် ၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စားတော်ကြီးကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှမောင်၏ ကျန်ရစ်သော အမရပူရမြို့နယ်၊ လိပ်ဆံခွန်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၆၄၈/က)၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ (၂ ဒသမ ၀၉) ဧက အကျယ်အဝန်းရှိ ကိုင်းမြေအပေါ်၌ အမွေထိန်း လက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ဦးအောင်မြင့် က အမွေဆက်ခံခြင်း အက်ဥပဒေ အရ လျှောက်ထားသဖြင့် ဤအမှု ကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထား သည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလှမောင် ကျန်ရစ်သောပစ္စည်း များတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ မတ်လ၊ ၂၀ ရက်(၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက် ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက် ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးအောင်မြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ ဗိုလ်ဆွန်ပက်လမ်း၊ မြေကွက်အမှတ်(၉၃၂)၊ အကျယ်အဝန်း (၅၀ ပေx ၅၀ပေ)၊ ဧရိယာ (၀ ဒသမ ၀၅၇) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းစန်းမြင့် ၁၂/ကခန(နိုင်) ၀၃၈၅၄၃ အမည်ပေါက် ကိုယ်တိုင်မှ အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို လာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ စ၍ (၁၄) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)၊ အထောက် အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်ပါသည်။ သတ်မှတ် ကာလအတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြေးငြေးဝင်း (LL.B, D.I.L, WIPO (Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၃၁)၊ ကျောက်မြောင်းဈေးလမ်း၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/3644 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/4061 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၈၂၈၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၁၉၄၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပတ်စ်ပို့ပျောက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ငွေးပင်တော ကျေးရွာအုပ်စု၊ ငွေးပင်တောကျေးရွာနေ ဦးကျော်နိုင်၏သမီး မခင်မျိုးကြည် ၅/မမတ (နိုင်)၀၉၈၄၆၃၏ နိုင်ငံကူးလက်မှတ်အမှတ် (MJ-687720)သည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၀၉၅၆၆၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့၊ ချမ်းမြေ့သာယာ(ဃ)ရပ်နေ (ဦးဝင်းငွေ)-ဒေါ်မြငွေး ၈/မကန(နိုင်)၁၉၆၀၇၂ ၏သား မောင်နိုင်လင်းအောင်၈/မကန(နိုင်) ၂၅၂၃၁သည် မိခင်ကြီး၏ ဆိုဆုံးမစကားကို မနာခံဘဲ မိခင်ကြီး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၂၆-၂-၂၀၂၆ ရက်တွင် ၎င်း၏ သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ကြော်ငြာပါသည့် ရက်မှ စ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် မောင်နိုင် လင်းအောင်နှင့် ပတ်သက်သည့်ကိစ္စအဝဝအား မိခင်ကြီးမှ လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**မိခင် - ဒေါ်မြငွေး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## မင်းလှမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

| | | |
|---|---|---|
| မမြင့်မြင့်ဆွေ (တရားလို) | နှင့် | ကိုအောင်ထွန်းဇံ (တရားပြိုင်) |

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်၊ သဖန်းချောင်း ကျေးရွာနေ ကိုအောင်ထွန်းဇံ (ဘ) ဦးထွန်းကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မမြင့်မြင့်ဆွေက “တရားဝင်အကြင်လင်မယား အဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူများ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ် ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်ထက်အောင်)**
**မြို့နယ်တရားသူကြီး**
**မင်းလှမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/7959 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**တွဲဖက်ပြည်နယ်ရုံး(မူဆယ်)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အမှတ် (၅) ရပ်ကွက်၊ အကွက်အမှတ်(ဘုံကျောင်းအနောက်)၊ ဦးပိုင်အမှတ် (၈၄)၊ ဧရိယာ (၀ ဒသမ ၀၆၃) ဧက၊ မြေငှားဂရန်အမှုတွဲ အမှတ် ၃၈၃-၅/၁၉၉၅-၁၉၉၆(အေ)၊ ဒေါ်အေးစိန် ၁၃/လရန(နိုင်)၀၇၁၀၁၃ အမည်ပေါက် မြေငှားဂရန်အား ဒေါ်နန်းရွှေပု(ခ)ရွှေပု ၁၃/လရန(နိုင်)၁၀၁၃၆၅ (ဒေါ်နန်းရွှေပု (ခ) ရွှေပု၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအောင်ကျော်) နှင့် ဦးစိုင်းထွန်းမြင့် (ခ) ထွန်းမြင့် ၁၃/လရန(နိုင်)၁၂၀၁၅၈ တို့မှ စာချုပ်အမှတ် (၄၄၃IV/၂၀၂၃)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ပြီး ဒေါ်နန်းရွှေပု (ခ) ရွှေပု၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်ထံမှ စာချုပ်အမှတ် (၄၇၂I/၂၀၂၃) ဖြင့် ဦးစိုင်းထွန်းမြင့်(ခ)ထွန်းမြင့်သို့ စွန့်လွှတ်ပေးကမ်းပြီးဖြစ်ပါသဖြင့် ဦးစိုင်းထွန်းမြင့်(ခ)ထွန်းမြင့် ၁၃/လရန(နိုင်)၁၂၀၁၅၈ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာသဖြင့် လျှောက်ထားမြေနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက် (၃၀) အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူ မရှိပါက ဒေါ်အေးစိန် ၁၃/လရန(နိုင်)၀၇၁၀၁၃ အမည်ပေါက်မြေငှားဂရန်အမှုတွဲအမှတ်၊ ၃၈၃-၅/၁၉၉၅-၁၉၉၆(အေ) နှင့် ဦးစိုင်းထွန်းမြင့် (ခ) ထွန်းမြင့် ၁၃/လရန(နိုင်)၁၂၀၁၅၈ အမည်ပေါက်မြေငှားဂရန် အမှုတွဲအမှတ် ၀၇၃-၅/၂၀၂၄-၂၀၂၅ တို့အား ပယ်ဖျက်သွားမည်ဖြစ်ပြီး ဦးစိုင်းထွန်းမြင့် (ခ) ထွန်းမြင့် ၁၃/လရန(နိုင်)၁၂၀၁၅၈ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယအကြိမ် ကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၁ နှင့် ၅)
## သန်လျင်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် (၁)

ဦးအောင်အောင်ဝင်း **နှင့်**
၁။ ဒေါ်စုစုဖြိုး
၂။ ဦးသန်းကျော်
၃။ ဒေါ်ဖြူဖြူအေး
၄။ ဒေါ်စိုးစိုးဝေ
၅။ ဦးသိန်းဌေး
၆။ ဇင်မျိုးလှိုင်
၇။ ဒေါ်နီနီထွေး
၈။ သန့်ဇင်နိုင်

**(တရားလို)** **(တရားပြိုင်များ)**

အမှတ် (၇)၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နေ ၁။ ဒေါ်စုစုဖြိုး၊ ၂။ ဦးသန်းကျော်၊ ၃။ ဒေါ်ဖြူဖြူအေး၊ ၄။ ဒေါ်စိုးစိုးဝေ၊ ၅။ ဦးသိန်းဌေး၊ ၆။ ဇင်မျိုးလှိုင်၊ ၇။ ဒေါ်နီနီထွေး၊ ၈။ သန့်ဇင်နိုင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအောင်အောင်ဝင်းက လိမ်လည်ရယူသွားသော ငွေကျပ် (၃၀၄,၅၆၀၀၀ိ/-) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ ကိုယ်စားလှယ်ရုံးအခွင့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၂ ရက်၊ (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ယင်းငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုရန်လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အာကာဝင်းအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**သန်လျင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီး မှုအမှတ် – ၂၃

ဒေါ်နီလာအေး **နှင့်** ဗိုလ်ကြီးဒေါ်မိမိလွင်
(၎င်း၏အထူးကိုယ်စားလှယ်စာရသူ
ဒေါ်အုန်းအုန်းမြင့်)

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၅၄ လမ်း – ၅၅ လမ်းကြား၊ ၁၃၂-၁၃၃ လမ်းကြား၊ (ဆ) ရပ်ကွက်နေ ဗိုလ်ကြီးဒေါ်မိမိလွင် (၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ – ဒေါ်အုန်းအုန်းမြင့်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဗိုလ်ကြီးဒေါ်မိမိလွင် (၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ-ဒေါ်အုန်းအုန်းမြင့်) သင့်အပေါ်၌ တရားလို ဒေါ်နီလာအေးက "မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ် (လလ-၂၈)၊ ဦးပိုင်အမှတ် (၃၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဗိုလ်ကြီးဒေါ်မိမိလွင်အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၃ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်းထွန်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၄

ဦးကောင်းကျော် **နှင့်** တပ်သား တင်ဝင်း

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြသီတာရပ်ကွက်၊ အကွက် (၅၀၀)၊ ၁၀၅ x ၁၀၅(ဘီ) လမ်းကြား၊ ၈၄ x စစ်ကိုင်း-မန္တလေးလမ်းနေ ဦးကျော်တင့်၏ သားဖြစ်သူ တပ်သားတင်ဝင်း(NBN-၁၉၈၃၇၃) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးကောင်းကျော်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၂၃)၊ ဦးပိုင်အမှတ် (၄၄)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) က အကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်၊ (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမျိုးလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## အမရပူရခရိုင်တရားရုံးတော်
## ၂၀ ၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၁၂

**ကွယ်လွန်သူ ဦးကံမြင့် ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ သရက်တန်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကံမြင့်၏ ကျန်ရစ်သော အမရပူရမြို့နယ်၊ ကမ္ဘဲ့ကျေးရွာအုပ်စု၊ အကွက်အမှတ် (၆၂၅-က/ကမ္ဘဲ့)၊ ဦးပိုင်အမှတ် (၁၁၁/၃)၊ ဧရိယာ (၂ ဒသမ ၁၄) ဧက အကျယ်အဝန်းရှိ ကိုင်းမြေနှင့် အမရပူရမြို့နယ်၊ ကမ္ဘဲ့ကျေးရွာအုပ်စု၊ အကွက်အမှတ် (၆၂၅-က/ကမ္ဘဲ့)၊ ဦးပိုင်အမှတ်( $\frac{၁၁၂}{၂၀၆}$ /၁)၊ ဧရိယာ (၂ ဒသမ ၁၁) ဧက အကျယ်အဝန်းရှိ ကိုင်းမြေကွက်များအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်အေးအေးအောင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကံမြင့် ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်အေးအေးအောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၈

ဒေါ်သီတာဖြိုး **နှင့်** ဗိုလ်ကြီးသန့်ဇင်

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (ဘဘ-၁၀)၊ ၄၇ လမ်း နှင့် ၄၈ လမ်းကြား၊ ၁၁၄ လမ်း နှင့် ၁၁၅ လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်နေ ဦးကံရှိန်၏ သားဖြစ်သူ ဗိုလ်ကြီးသန့်ဇင် (KPW-၁၃၈၈၀၈) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သီတာဖြိုး က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၈၈-၂)၊ ဦးပိုင်အမှတ် (၄၆)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ပေ (၂၀ x ၆၀) အကျယ်အဝန်းရှိ မြေကွက်အား မှတ်ပုံတင် အရောင်း အဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလကွယ် ၁၅ ရက်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာ မရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ရန်ကုန်အထိုင်လက္ကား မြေသြဇာ ရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေသြဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက္ကားဈေးနှုန်းအဖြစ် ၁-၃-၂၀၂၆ ရက်မှ ၃၁-၃-၂၀၂၆ ရက်အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

(က) ယူရီးယား မြေသြဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ် ၉၄,၀၀၀ ကျပ်
( ခ ) DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် ၁၁၅,၀၀၀ ကျပ်

၂။ Complex ၁၅ ပတ်လည်မြေသြဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါ ဈေးနှုန်းများသည် ရန်ကုန်အထိုင် လက္ကားဈေးနှုန်း လက်ငင်းငွေချေစနစ်ဈေးများဖြစ်ပါသည်။ အဆိုပါဈေးနှုန်းများသည် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ဖုန်း- ၀၆၇-၄၁၀၀၃၂
( ခ ) MFSPEA အသင်း ဖုန်း- ၀၉-၉၈၈၅၃၉၃၆၀၊ ၀၉-၆၆၅၄၀၇၈၉၀

**မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း**

## Social Vision Microfinance Co., Ltd တွင် အလုပ်အမှုဆောင် ဒါရိုက်တာတစ်ဦး နှုတ်ထွက်ခြင်း

Social Vision Microfinance Co., Ltd တွင် ယခင်အလုပ်အမှုဆောင်ဒါရိုက်တာ (၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုအလုပ်အမှုဆောင် ဒါရိုက်တာ ဦးကျော်နိုင်ထွန်းမှ နှုတ်ထွက်သွားပါသဖြင့် အစည်းအဝေးဆုံးဖြတ်ချက်အရ အလုပ်အမှုဆောင် ဒါရိုက်တာ (၄) ဦးဖြင့် ပြောင်းလဲပြင်ဆင်ဖွဲ့စည်းထားပါသည်။

| ယခင် အလုပ်အမှုဆောင်ဒါရိုက်တာ | ယခု အလုပ်အမှုဆောင်ဒါရိုက်တာ |
|---|---|
| ၁။ ဒေါ်ခင်သက်မော် | ၁။ ဒေါ်ခင်သက်မော် |
| ၂။ ဒေါ်ရီရီဝင်း | ၂။ ဒေါ်ရီရီဝင်း |
| ၃။ ဒေါ်ခင်ကျော့စံ | ၃။ ဒေါ်ခင်ကျော့စံ |
| ၄။ ဦးမျိုးမင်းဇော် | ၄။ ဦးမျိုးမင်းဇော် |
| ၅။ ဦးကျော်နိုင်ထွန်း | |

**စီမံခန့်ခွဲမှုကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ICEC PRIVATE SCHOOL ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade – 6 (စံပယ်)အခန်းမှ မောင်ဖုန်းစစ်ပိုင်၏ဖခင်အမည်မှန်မှာ ဦးဝင်းကျော် ၁၂/ဥကတ(နိုင်)၀၀၀၆၈၂ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ နတ်လာပို (က) ရွာနေ ဦးစံလင်း ၏သား မောင်စိုးမောင်မောင် ၅/ကနန(နိုင်)၁၀၅၀၃၈ ၏ နိုင်ငံကူးလက်မှတ်(MH-675600)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၇၉၇၂၉၆၇၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/74474, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိဖြိုး ၅/မရန (နိုင်) ၂၅၅၉၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၃)၊ မြေတိုင်း (၇)၊ ဦးပိုင်/မြေကွက်အမှတ် (၄၀၁ᵃ)၊ မြို့မြေအမျိုးအစား၊ ဧရိယာ (၀ ဒသမ ၀၈၃) ဧကရှိသည့် ဒေါ်ခင်မိုးသူဇာ အမည်ပေါက် မြေပေးမိန့်ရရှိထားသည့် မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မိုးသူဇာ (ဘ) ဦးဟန်ရှိန် ၇/ပခန(နိုင်)၀၂၅၇၀၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ –** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်ဝင်းဝင်းစိုး** | **ဒေါ်ပပဦး (LL.B)** |
| **၇/ဖမန(နိုင်)၁၅၂၇၈၃** | **(တရားလွှတ်တော်ရှေ့နေ)** |
| | **(စဉ်- ၁၀၉၃၉/၃၀-၆-၂၀၁၆)** |
| | **တိုက် (၃)၊ အခန်း (၃၃)၊ ဥဿာအိမ်ရာ၊** |
| | **ရပ်ကွက်ကြီး (၈)၊ ပဲခူးမြို့** |
| | **ဖုန်း – ၀၉ –၄၂၃၆၇၁၅၂၇** |

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/စီ ခ)၊ ကာယရပ်ကွက်၊ ကာယ (၄) လမ်း၊ မြေကွက်အမှတ် (၂/၁၀၀)၊ အကျယ်အဝန်း ဧရိယာ (၀ ဒသမ ၂၅၈) ဧကရှိ ဒေါ်ရှုဝင်း ၁၂/လမတ(နိုင်) ၀၀၂၈၆၂၉) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်အနက်မှ အကျယ်အဝန်း (၆၀ x ၆၄/၆၉) ရှိသော မြေကွက်အမှတ် (E,F,G)မြေကွက် (၃) ကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန္ဒာကျော် ၁၁/စတန(နိုင်)၀၆၇၇၃၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးဇင် ၇/ပခန(နိုင်) ၃၉၂၆၅၆ သည် အထက်ပါမြေကွက် (၃) ကွက်အား ဥပဒေနှင့်အညီ နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ငွေအပြေအကျေပေးချေပြီးဖြစ်သည့်အတွက် အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အပြီးအပိုင်လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးဇင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၉၆၃)**
**အမှတ် (၆၁)၊ ၄ – လွှာ၊ ဗိုလ်ကြာညွှန့်လမ်း၊ ၃၂ – ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း- ၀၉-၂၅၀၄၄၀၂၁၁၊ ၀၉-၆၇၆၅၆၅၁၁၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံပတုတ်ဝကျေးရွာအုပ်စု၊ စစ်ကုန်းကျေးရွာနေ ဦးလှဆောင်(ကွယ်လွန်) ၁၄/ဝခမ(နိုင်) ၀၁၈၉၄၁ နှင့် ဒေါ်မပျို ၁၄/ဝခမ(နိုင်)၀၁၉၀၀၀ တို့၏ သမီးဖြစ်သူ မမြင့်သန္တာဦး ၁၄/ဝခမ(နိုင်)၂၀၀၄၀၁ သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို လက်မခံဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ၂၈-၂-၂၀၂၆ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်မပျို၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မပျို ၏ လွှဲအပ်ချက်အရ-**
**ဒေါ်စန္ဒီအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၁၂)**
**၁၆/က၊ စံပယ်လမ်း၊ (က) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၈၀၁၇၂၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (စ-၆၊ နန္ဒဝန်(စက်မှုဇုန်))၊ ဦးပိုင်အမှတ် (မြတ်လေးလမ်း-၉၀)၊ ဧရိယာ (၀ ဒသမ ၁၁၀) ဧကရှိ မြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၂၇၃၆/၁၉၉၄ - ၁၉၉၅ အရ ၅-၄-၁၉၉၄ မှ ၄-၄-၂၀၂၄ အထိ ဦးမောင်မောင်ညွှန့် အမည်ဖြင့် နှစ် (၃၀) ရရှိခဲ့သော မြေငှားစာချုပ်အား ဦးဝင်းနိုင်ဦး အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် ၁၁-၂-၂၀၂၆ ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## ဒေါက်တာကျော်ဝင်း
### ပါမောက္ခ (ဌာနမှူး)(ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် အတွင်းရေးမှူး၊ မြန်မာသမိုင်းအဖွဲ့
### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာ(၃)လမ်း၊ K-49၊ FMI City နေ (ဦးဟုတ်ဂွမ် - ဒေါ်ကြင်မြိုင်)တို့၏သား၊ (ဒေါ်ခင်အေးတင့်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်အေးအေးဝင်း၊ ဦးမိုးကျော်ဝင်း (CITAMUTIARA ENGINEERING Co.,Ltd)- ဒေါ်စန်းစန်းမြိုင်တို့၏ မွေးသဖခင်၊ မြေး(၂)ယောက်တို့၏ အဘိုးသည် ၂၈-၂-၂၀၂၆ ရက်(စနေနေ့)၊ နံနက် (၃:၀၀) နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် သွားပါသဖြင့် ၂-၃-၂၀၂၆ ရက်(တနင်္လာနေ့) ညနေ (၃:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ မိတ်ဆွေများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ (၁:၃၀)နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၂၆ ရက်(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာကျော်ဝင်း
### သိပ္ပကျော်စွာဘွဲ့၊ အမျိုးသားစာပေတစ်သက်တာဆုရ ပါမောက္ခ (ဌာနမှူး)(ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် အတွင်းရေးမှူး၊ မြန်မာသမိုင်းအဖွဲ့
### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာ(၃)လမ်း၊ K-49၊ FMI City နေ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ မြန်မာသမိုင်းအဖွဲ့မှ အတွင်းရေးမှူး ဆရာကြီး ဒေါက်တာကျော်ဝင်းသည် ၂၈-၂-၂၀၂၆ ရက်(စနေနေ့)၊ နံနက်(၃:၀၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **မြန်မာသမိုင်းအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာကျော်ဝင်း
### သိပ္ပကျော်စွာဘွဲ့၊ အမျိုးသားစာပေတစ်သက်တာဆုရ ပါမောက္ခ (ဌာနမှူး)(ငြိမ်း)၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် အတွင်းရေးမှူး၊ မြန်မာသမိုင်းအဖွဲ့
### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာ(၃)လမ်း၊ K-49၊ FMI City နေ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ မြန်မာသမိုင်းအဖွဲ့မှ အတွင်းရေးမှူး ဆရာကြီး ဒေါက်တာကျော်ဝင်းသည် ၂၈-၂-၂၀၂၆ ရက်(စနေနေ့)၊ နံနက်(၃:၀၀)နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၅၃၊ မြေကွက်အမှတ်-၁၅၅၊အကျယ်အဝန်း (၄၀ပေx၆၀ပေ )ရှိ မဟန်တီ (၁၂/သဃက(နိုင်)၀၂၉၂၇၂)အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ ဦးစည်သူအောင် (၁၂/သလန (နိုင်) ၁၆၂၁၅၂ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ယခုအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခိုင်ငြိမ်းဆွေ(LL.B)** | **ဒေါ်မေဝင်းမော် (LL.B)** |
| **စဉ်-၁၁၄၄၅/၂၀၁၆** | **စဉ်-၁၃၇၂၈/၂၀၁၇** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၄၀၅ (၆)လမ်း၊အပိုင်း(၃)၊ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၂၉၃၇၃၊ ၀၉-၄၄၈၀၂၀၀၄၃**

## အများသိစေရန် ကြေညာခြင်း

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ညောင်ပင်ထောင်ရပ်ကွက်၊ ကွင်းအမှတ်(၁၈)၊ အကွက်အမည်- ဂေါ်ရခါးကုန်းမြောက်ရပ်၊ ဦးပိုင်အမှတ်(၁၄၅)၊ မြေကွက်အမှတ် (၁၃၇)၊ ဧရိယာ (၀.၀၆၉)ဧကရှိ ဂရန်အမှုတွဲအမှတ်(၂၀၉/၁၉၉၂) ဒုရဲအုပ်အေးမင်း အမည်ပေါက် မြေကွက်ဥပစာအား ကျွန်တော် ဦးထွန်းထွန်းဝင်း (၉/ပဘန(နိုင်) ၁၅၀၅၉၀) နှင့် ကျွန်မဒေါ်ကြည်ကြည်စိုး(၈/ပဖန(နိုင်)၀၈၀၂၆၁)တို့က ဝယ်ယူကာ လက်ဝယ်ထားရှိလျက်ရှိပါသည်။ အဆိုပါ မြေကွက်ဥပစာနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်း၊ ဂရန်အမည်ပြောင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လိုသော်လည်း ဒုရဲအုပ်အေးမင်းအား ယနေ့ထိတိုင်ဆက်သွယ်၍မရပါ။ ထို့ကြောင့် အထက်ပါ အိမ်မြေဥပစာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်း ဂရန်အမည်ပြောင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်းဝင်း (၉/ပဘန(နိုင်)၁၅၀၅၉၀)**
**ဒေါ်ကြည်ကြည်စိုး(၈/ပဖန(နိုင်)၀၈၀၂၆၁)**
**မြနန္ဒာ-၄လမ်း၊ နယ်မြေ-၄**
**ညောင်ပင်ထောင်ရပ်ကွက်၊ အောင်ပန်းမြို့၊**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးအောင်ထွေး
### စာရေးဆရာ-အောင်(လွန်ဆေး)
### တရားလွှတ်တော်ရှေ့နေ(B.A Philosophy)P.G.D.L, DBF,DIS
### ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)(ကကဝယ်)

ချစ်သောဖေဖေ သမီးတို့အားလုံးကို ခွဲခွာသွားတာ (၂၈-၂-၂၀၂၆) ဆိုရင် တစ်လတိတိ ပြည့်ခဲ့ပါပြီ။ တစ်ရက်မှ မေ့မရပါဘူး ဖေဖေရယ်၊

ဖေဖေမရှိတော့ဘူးဆိုတာ လက်ခံဖို့ သမီးတို့ မနည်းကို ကြိုးစားနေရပါတယ်၊ ဖေဖေ့အတွက် ရည်စူးပြီး ပြုလုပ်ပေးတဲ့ ကုသိုလ်ကောင်းမှု၊ သမီးတို့နေ့စဉ်ပြုလုပ်နေကျ အာစိဏ္ဏကံ ကုသိုလ်ကောင်းမှုစတဲ့ ကုသိုလ်ကောင်းမှုအစုစုကို ဖေဖေ့ကို အမြဲအမျှ ပေးဝေပါတယ်၊ မြင့်မြတ်တဲ့ဘုံဘဝမှ သာဓုခေါ်ပါ ဖေဖေ။

ဘဝသစ်မှာ အေးချမ်းပါစေ ဖေဖေရယ်

ဖေဖေ့ကို ချစ်တဲ့

**ကျန်ရစ်သူမိသားစု**

## ဒေါ်သန်းမြင့်
## မီလျှံနာသောက်ရေသန့်
## ဂျပန်မယ်မိုးမိုး (ဘုရင့်နောင်-ပွဲရုံ)
## အသက်(၁၀၀)နှစ်

မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ တည်းကုန်းရပ်နေ (ဦးတောင်ရှမ်း-ဒေါ်စိန်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ လသာလမ်းနေ (ဦးတယ်ယုဝမ်-ဒေါ်မြမြ)တို့၏သမီးချွေးမ၊ (ဦးချန်ထွန်း-ဒေါ်တင်တင်)၊ (ဒေါ်ရောင်အင်)၊ (ဦး တူး-ဒေါ်မေယု)တို့၏ညီမ၊ ဒေါ်ရီဝေ၊ (ဒေါ်ကြည်ဝေ)၊ ဦးညွန့်ဝေ တို့၏ အစ်မ၊ (ဦးမော်မော်)၊ (ဦးဇော်ဇော်)-ဒေါ်ခင်စန်းဝင်း၊ မမိုးမိုးတင် တို့၏မိခင်၊ မောင်အောင်ကျော်လင်း-မမြင့်မြင့်မော်၊ မောင်ဉာဏ်လင်းအောင်၊ မောင်မင်းသန့်ကျော်တို့၏အဘွား၊ မောင်မင်းကြယ်စင်၊ မောင်အောင်ကောင်းမြတ်တို့၏ ဘွားဘွားကြီး ဒေါ်သန်းမြင့်သည် ၂၈-၂-၂၀၂၆ရက် (စနေနေ့) နံနက် ၈:၁၀ နာရီတွင် သုခကမ္ဘာ ဆေးရုံတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင် မြို့နယ် ၊ ဗိုလ်ချုပ်ကျေးရွာ ၊ နယ်မြေ-၁၃ ၊ ၈/၃ ၊ သီရိဇေယျာလမ်း ရှိဒေါ်ခင်သန္တာကြည် (၁၂/မဂဒ(နိုင်)၁၀၂၇၅၇) ပိုင် အကျယ်အဝန်း - ၂၀ပေ X ၃၃ ပေ ရှိ မြေနှင့် နေအိမ်ကို ကျွန်ုပ်တို့ ၏ မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက် ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** |

**အထက်တန်းရှေ့နေများ**
**အမှတ် - ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့ ။ ဖုန်း - ၀၉၅၁၄၅၇၆၇ ၊ ၀၉၄၂၀၀၂၈၃၆၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ်(၁၀၂)၊ ဧရိယာ(၀.၀၆၉)ဧကရှိ ဒေါ်စိန်ရွှေ(ပါ)၅ဦး (ဒေါ်စိန်ရွှေ၊ ဒေါ်ဝင်းဝင်းမြင့်၊ ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်စန္ဒာဝင်း၊ဒေါ်ခိုင်ခိုင်ဝင်း) အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်ဝင်းဝင်းမြင့်(ပါ)၄ဦး (ဒေါ်ဝင်းဝင်းမြင့်၊ဒေါ်ဝင်းဝင်းကြည်၊ဒေါ်စန္ဒာဝင်း၊ဒေါ်ခိုင်ခိုင်ဝင်း)၊ (ဘ)ဦးညွန့်မောင် ၉/တကန(နိုင်)၀၀၃၉၄၅ တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန သို့ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သော ဒေါ်မြတ်ဆုမွန် (၁၂/သဃက (နိုင်)၁၆၃၂၅၇) ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်မြတ်ဆုမွန်၏ ကောင်းမွန်သောဂုဏ်သတင်းဖြင့် အလုပ်လုပ်ကိုင်နေသော လုပ်ငန်းခွင်တွင်သော်လည်းကောင်း၊ နေထိုင်ရာပတ်ဝန်းကျင်တွင် သော်လည်းကောင်း ဒေါ်မြတ်ဆုမွန်ဂုဏ်သိက္ခာ ကျဆင်းစေမည့် အပြုအမူများပြုလုပ်ခြင်း၊ ပြောဆိုခြင်း၊ ဒေါ်မြတ်ဆုမွန်နှင့် ကလေးငယ်ပုံပါဝင်သည့် ဓာတ်ပုံများအား Social Platform, Social Network များပေါ်တင်၍ မဖွယ်မရာရေးသားခြင်း၊ ပုံတင်ခြင်းများဖြင့် ဂုဏ်သိက္ခာ ကျဆင်းစေရန် ရေးသားပြုလုပ်ခြင်းများအား မည်သူတစ်ဦးတစ်ယောက်မျှ မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်၊ ပြောဆိုခြင်း၊ ရေးသားဖော်ပြခဲ့ခြင်းများရှိပါက ပြုလုပ်သူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်ဆုမွန်၏ လွှဲအပ်ချက်အရ-**
**ဦးသန်းထိုက်အောင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၀၅၂၉)**
**အမှတ်(၆၆၈)၊ ဘုမ္မာ(၃)လမ်း၊ (စျ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၆၇၁၈၁၈၆၅၀**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်ကျော်
### ညွှန်ကြားရေးမှူး(အကောက်ခွန်ဦးစီးဌာန)
### B.Sc (D.S.A)
### စစ်တက္ကသိုလ်အမှတ်စဉ် (၃၃)
### အသက် (၅၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် (B)၊ အခန်း (၄၀၂)၊ ပညာဝတီအိမ်ရာနေ (ဦးညီပု)-ဒေါ်တင်တင်ဝင်းတို့၏သား၊ ဦးမောင်မောင်စိုး၏ညီ၊ ဦးမျိုးမင်း-ဒေါ်မေညီဝင်း တို့၏အစ်ကို၊ ဒေါ်မေသက်ဝင်း၊ ဒေါ်မေမာဝင်းတို့၏ အစ်ကို ဖြစ်သူ ဦးမောင်မောင်ကျော် အသက် (၅၆)နှစ် သည် ၂၆-၂-၂၀၂၆ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကလောခရိုင် ၊ အောင်ပန်းမြို့၊ အမှတ် (၃)ရပ်ကွက်၊ အကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၂၄) ၊ အကွက်အမည် - ကျောက်တောရပ်၊ ဦးပိုင်အမှတ် (၃၆)၊ ဧရိယာ (၀.၀၆၉)ဧကရှိ ဦးသန်းနိုင်အမည်ဖြင့် ယာယီ(လိုင်စင်)မြေပေးမိန့်ရရှိထားသည့်မြေကွက်အား တရားဝင်လွှဲပြောင်း ရောင်းချခွင့်ရရှိထားသူ ဦးစိုးလှ(၁၃/ပတယ(နိုင်)၀၄၅၄၅၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖြိုးကျော်နိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၃၉/၂၁)**
**မြင်းဒိုက်ဘူတာ၊ ကလောမြို့ ၊ ဖုန်း -၀၉-၆၉၄၈၅၈၉၅၃**

## ပတ်စ်ပို့ပျောက်

မိုင်းရှူးမြို့၊ ရပ်ကွက်(၁) ဝမ်ဆော့နေ (ဘ)ဦးသန်းရွှေ၏သမီး နန်းထွေးလှ(၁၃/မရန(နိုင်)၀၂၃၂၆၆) ၏နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၂၁၄၈၄၈**

## ပတ်စ်ပို့ပျောက်

မိုင်းရှူးမြို့၊ ဝမ်ဆော့ရှေ့၊ ဝမ်ဆော့အုပ်စုနေ(ဘ)စိုင်းဆွေခမ်း၏သား စိုင်းပန်းလူ(၁၃/မရန(နိုင်)၀၇၄၉၈၅) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၅၂၁၄၈၄၈**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ မ/၆၂ မြို့ပတ်လမ်းနေ (ဘ)ဦးဂျုတ်ဗဟာဒူးချက်တရီ၏ သမီး မပွတ်စပါး(၁၃/တကန(နိုင်)၁၄၉၂၀၇) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-064680)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉- ၅၂၁၂၉၄၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၁၉၃/က၊ မြေကွက်တည်နေရာအမှတ် (၁၉၃/က)၊ ချမ်းမြေ့သာယာ(၄)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးခင်လတ် (၁၂/မဂဒ(နိုင်)၀၃၄၅၂၂)အမည် ပေါက် နှစ်(၆၀)မြေငှားစာချုပ် ဂရန်မြေအား မြေအမည်ပေါက် ဦးခင်လတ်(ဖခင်)နှင့် ဒေါ်မြင့်မြင့်ဌေး (မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်မြင့်မြင့်သိန်း (၁၂/မဂဒ(နိုင်)၀၉၀၅၃၁)၊ ဒေါ်မာလာမြင့် (၁၂/မဂဒ(နိုင်)၀၉၀၅၃၀)၊ ဦးကျော်ကျော်မိုး (၁၂/ဒဂမ(နိုင်)၀၁၀၀၈၂)၊ဒေါ်သီသီလွင် (၁၂/ဒဂမ(နိုင်)၀၂၃၃၈၁)၊ ဒေါ်ဖြူဖြူသင်း (၁၂/ဒဂမ(နိုင်)၀၂၂၉၅၈)တို့မှ ၎င်းတို့ သားသမီး (၅)ဦးအား မွေးဖွားခဲ့ကြောင်း၊အခြားသောအမွေစားအမွေခံကိတ္တိမသား/ သမီးများလည်းမရှိပါကြောင်း၊ ၎င်းတို့(၅)ဦးမှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ် (၆၀) မြေငှားစာချုပ် (ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်၊ အောင်ပန်းမြို့ ၊ ရွာငံစုရပ်ကွက်၊ ဗထူးလမ်း၊ ကွင်း/အကွက်အမှတ်နှင့်အမည် - (၈-ရွာငံစုမြောက်)၊ မြေကွက်အမှတ် (၅၄/၂၃၈)၊ ဧရိယာ(၀.၀၄၇ ဧက) ရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတင်ထွန်း(ဘ) ဦးတင်မောင် (၁၃/ကလန(နိုင်)၀၂၀၀၇၁)နှင့် ဒေါ်နန်းကျင်(ဘ)ဦးကျင်ဟု (၁၃/ကလန (နိုင်)၀၂၄၈၈၃)၊ ရွာငံစုရပ်ကွက်၊ အောင်ပန်းမြို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်လင်စောဟွာ(ဘ) ဦးလင်အကီး (၂/လကန(ဧည့်)၀၀၀၀၅၄) က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီကြသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများကိုပေးချေထားပြီးဖြစ်၍ ၎င်းကိစ္စနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက ဖော်ပြပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာဝင်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၈၄)**
**အမှတ် (၆၄၂) ၊ နယ်မြေ (၇) မြို့ဟောင်းရပ်ကွက်၊ အောင်ပန်းမြို့၊ကလောမြို့နယ်။ ဖုန်း - ၀၉ -၄၁၀၀၉၈၉၄**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကွန်ဟိန်းမြို့နေ နန်းမိုမို အောင်(၁၃/ကဟန(နိုင်)၀၄၂၂၈၀) ၏ဖခင် ဦးရင်ဌေး(ခ)ဦးယဉ်ဌေး နှင့် ဦးမောင်ယဉ်ဌေး တို့သည် အမည်(၃)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လင်းခေးမြို့နယ်၊ အထက (လင်းခေး)မှ မူလတန်းပြ ဆရာမ ဒေါ်နန်းထွန်းမြ (၁၃/လခတ(နိုင်) ၀၀၂၇၄၇)၏ဖခင် ဦးလုံးလိတ်(ခ) ဦးပီလိတ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန် ကြေညာခြင်း

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၁) ရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၃၄၁ဓ)၊ ကြီးတောစားကျက်ကွင်း၊ ခြံမြေကွက်အမှတ်(၁၄၂က)၊ မြေဧရိယာ (၀.၀၅၅)ဧကအား ပြွန်တန်ဆာ မြို့မ (၁) ရပ်ကွက်နေ ဒေါ်နီလာထွန်း အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။

ထိုသို့လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ မတ်လ (၁၂)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့**

## သွေးသည် အသက်

- ❖ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားလက်ခံပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာဖြင့် စည်းစနစ်တကျ အေးချမ်းစွာပါဝင်ဆန္ဒမဲပေးခဲ့ကြခြင်းသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ကိစ္စရပ်ပင်ဖြစ်...
- ❖ ရွေးကောက်ပွဲကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရ...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ပြုလုပ်သော ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

- ❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**
- ❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**
- ❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# နိုင်ငံတကာစစ်ရေယာဉ်များတွေ့ဆုံပွဲ (IFR-2026) နှင့် နိုင်ငံပေါင်းစုံရေတပ်လေ့ကျင့်ခန်း (MILAN-2026) သို့ တက်ရောက်ခဲ့သော တပ်မတော်(ရေ) မှ စစ်ရေယာဉ်(အောင်ဇေယျ) ပြန်လည်ရောက်ရှိ



တပ်မတော်(ရေ)ကိုယ်စားလှယ်အဖွဲ့ City Parade တွင် ပါဝင်ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အိန္ဒိယနိုင်ငံ Visakhapatnam မြို့၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်သော နိုင်ငံတကာစစ်ရေယာဉ်များ တွေ့ဆုံပွဲ International Fleet Review–2026 (IFR–2026)နှင့် နိုင်ငံပေါင်းစုံရေတပ်လေ့ကျင့်ခန်း (MILAN–2026) များသို့ တက်ရောက်ခဲ့သည့် တပ်မတော်(ရေ)မှ အဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးချုပ် ကျော်စွာထက် ဦးဆောင်သော စစ်ရေယာဉ်(အောင်ဇေယျ)သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ် သိန်းထူးနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတကာစစ်ရေယာဉ်များ တွေ့ဆုံပွဲ (IFR–2026) နှင့် နိုင်ငံပေါင်းစုံ ရေတပ်လေ့ကျင့်ခန်း (MILAN–2026) များသို့ တက်ရောက်ရန် စစ်ရေယာဉ်(အောင်ဇေယျ) သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ရာ အိန္ဒိယနိုင်ငံ

*စာမျက်နှာ ၁၃ ကော်လံ ၁* ■

## ဧရာဝတီမြစ်ရေ လက်ရှိရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၂၂၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် မတ်လပထမ (၁၀)ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်ကိုင်းမြို့တွင် ၁၅၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် မတ်လ ပထမ (၁၀) ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၇၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၈၄ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် မတ်လ ပထမ (၁၀) ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဇလ

## ဝုဖ်က အက်စ်တွန်ဗီလာကို အနိုင်ယူပြီး ယခုနှစ်ရာသီ ဒုတိယမြောက် ပရီမီယာလိဂ်နိုင်ပွဲရရှိ

ပရီမီယာလိဂ်ပွဲစဉ် (၂၈) မှ ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၂ နာရီခွဲက Molineux Stadium ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဝုဖ်နှင့် အက်စ်တွန်ဗီလာအသင်း ပွဲစဉ်တွင် ဝုဖ်အသင်းက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိကာ ယခုနှစ်ရာသီ ဒုတိယမြောက် ပရီမီယာလိဂ်နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

အက်စ်တွန်ဗီလာ အသင်းသည် အဆင့် (၃) နေရာတွင် ရမှတ်ပြတ်ဖြင့် ဆက်လက်ရပ်တည်နိုင်ရေးအတွက် အားထားရသည့် ကစားသမား အစုံအလင်ဖြင့် ဝုဖ်အသင်းကို ရင်ဆိုင်လာခဲ့သည်။

*စာမျက်နှာ ၂၀ ကော်လံ ၁* ❇




ဝုဖ်အသင်းအတွက် ဂျာအိုဂိုမက်စ် အဖွင့်ဂိုး သွင်းယူစဉ်။

ယနေ့ သတင်းအညွှန်း

သတိပြုစရာ မတ်ပဲ၊ ပဲတီစိမ်း မြစ်ဆွေးမြစ်ခြောက် (ခေါ် ) မြစ်ခြောက်ဆွေး ရောဂါ — စာ ၆

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ် (သင့်ကြောင့်မီးမလောင်ပါစေနှင့်) — စာ ၁၀

ပါကစ္စတန်က အာဖဂန်နစ္စတန်နိုင်ငံကို လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ် — စာ ၁၄